ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလ မုတ္တမံ၊ သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၄ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၁၄)

ရွှေထီးတော်ဘုံအဆင့်များ၊ ဆပ်သွားဖူးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို မင်္ဂလာရထားပျံဖြင့် သဗ္ဗညုပုထိုးတော်ကြီး၏အထွတ်သို့ ပင့်ဆောင်ပူဇော်ကြစဉ်။ (သတင်းစဉ်)

သဗ္ဗညုပုထိုးတော်ကြီး ရွှေထီးတော်တင်လှူပူဇော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ကြည်ညို

ရန်ကုန် မေ ၃

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၌ တည်ထားကိုးကွယ်သည့် သဗ္ဗညုပုထိုးတော်ကြီး ရွှေထီးတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့(ကဆုန်လပြည့် ဗုဒ္ဓနေ့)နံနက်ပိုင်းတွင် အဆိုပါ သဗ္ဗညုပုထိုးတော်ကြီး၌ ခမ်းနားထည်ဝါစည်ကားသိုက်မြိုက်စွာကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ကြည်ညိုပြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဆပ်သွားဖူးတော်နှင့် ရွှေထီးတော် ဘုံဆင့်များကို သဗ္ဗညုပုထိုးတော်ကြီးအထွတ်သို့ မင်္ဂလာရထားပျံဖြင့် တင်လှူပူဇော်သည်။

စာမျက်နှာ ၇ ကော်လံ ၁ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ တွဲဖက်သာသနာပိုင်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု သီရိမင်္ဂလစံကျောင်းဆရာတော် ဘဒ္ဒန္တရာဇိန္ဒာဘိဝံသထံ သဗ္ဗညုပုထိုးတော်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ မေလ ၄ ရက်)

နိုင်ငံတော်၏စီးပွားရေးအင်အားခိုင်မာတောင့်တင်းရေး စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်လျက်ရှိချိန်တွင် အခြေခံအားဖြင့် နိုင်ငံတော်၏စီးပွားရေး ခိုင်မာဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် ကဏ္ဍစုံဘက်စုံမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန် အရေးအကြီးဆုံးဖြစ်သည်။ ကုန်ထုတ်လုပ်မှုတိုးတက်လာသည်နှင့်အမျှ ဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့သည်လည်း ဆက်စပ်ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

ကုန်ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူများအတွက်ရော နိုင်ငံတော်အတွက်ပါ အကျိုးဖြစ်ထွန်းသကဲ့သို့ နိုင်ငံတော်၌ တည်ငြိမ်သည့် စီးပွားရေးပတ်ဝန်းကျင်၊ ခိုင်မာသည့်ဈေးကွက်နှင့် ဖွံ့ဖြိုးတိုးတက်သည့် စီးပွားရေးစနစ်တို့ ဖြစ်ပေါ်စေမည်ဖြစ်သည်။

ထို့ကြောင့် ကုန်ထုတ်လုပ်မှုနယ်ပယ်၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိကြသော တိုင်းရင်းသားလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍသည်လည်း အဓိကကျလှပေသည်။

တိုင်းရင်းသား လုပ်ငန်းရှင်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လယ်ယာကုန်ထုတ်လုပ်မှုလုပ်ငန်းများကို စီးပွားဖြစ်စိုက်ပျိုး လုပ်ကိုင်လာနိုင်ရေး၊ လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှု သိသိသာသာ တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဧက ထောင်/သောင်းရှိသော ခေတ်မီ လယ်ယာလုပ်ကွက်ကြီးများ ပေါ်ထွက်လာရေး၊ အရင်းအနှီးနှင့် စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှု အတတ်ပညာရှိသည့် တိုင်းရင်းသားလုပ်ငန်းရှင်များအား မြေလွတ်မြေလပ်မြေရိုင်းနှင့် ရေနက်ကွင်းများ၌ ရင်းနှီးစိုက်ပျိုးလုပ်ကိုင်လာစေရန် အားပေးရေး၊ နိုင်ငံတော်၏ စီးပွားရေး အင်အားစုအသစ်များ ("National New Economic Forces")အဖြစ် ဖိတ်ခေါ်၍ လယ်ယာကဏ္ဍ၌ ရင်းနှီးမြှုပ်နှံစေရေး၊ တောင်သူလယ်သမားများနေထိုင်ရာ ကျေးလက်ဒေသများမှလည်း ယင်းခေတ်မီ လယ်ယာလုပ်ကွက်ကြီးများနှင့်ဆက်စပ်ပြီး ဖွံ့ဖြိုးတိုးတက်လာရေး လမ်းညွှန်မိန့်ကြားခဲ့သည်။

ဧပြီလ ၃၀ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပသော ဆီအုန်းလုပ်ငန်းအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာ၌—

"ဆီအုန်းလုပ်ငန်းရှင်များနှင့်တွေ့ဆုံသည့် ယခင်အစည်းအဝေးများ၌လည်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် လုပ်ကိုင်နိုင်မည့် မြေယာများ ချထားပေးမည်၊ ကူညီပံ့ပိုး ဆောင်ရွက်ပေးသင့်သည့် ကိစ္စများကို အတတ်နိုင်ဆုံး အကူအညီပေးမည်၊ တည်ဆဲဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ပုဂ္ဂလိက လုပ်ငန်းရှင်များအား ထပ်မံရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် တက်ညီလက်ညီ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဆိုလျှင် အောင်မြင်မှုများ ရရှိမှာဖြစ်ကြောင်း"

ပြောကြားသွားသည်။

အရင်းအနှီးနှင့် အတတ်ပညာရှိသော ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြေဧကများ ရယူထားရာ စုစုပေါင်း မြေဧက ကိုးသိန်းကျော်ရှိကြောင်း သိရသည်။

ထို့ကြောင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏မြေများ၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။ နိုင်ငံတော်အပိုင်းကလည်း လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် လျှပ်စစ်စွမ်းအားနှင့် စွမ်းအင်တိုးမြှင့်ရရှိရေး၊ စက်မှုကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးနှင့် စက်မှုလယ်ယာစနစ်သို့ အရှိန်အဟုန်ဖြင့်ကူးပြောင်းရေး လုပ်ငန်းများကို စနစ်တကျစီမံဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကစိုက်ပျိုးရေးလုပ်ကွက်ကြီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ စီမံခန့်ခွဲမှုအားကောင်းသည့်၊ အရင်းအနှီးရှိသည့် တိုင်းရင်းသားလုပ်ငန်းရှင်များသည် နိုင်ငံတော်၏ စီးပွားရေးအင်အား ခိုင်မာတောင့်တင်းရေး ဖွဲ့၊ သတ္တိ အရင်းခံ၍ စိုက်ပျိုးရေးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သာသနဓဇ ဓမ္မာစရိယ ဘွဲ့တံဆိပ်ရ သာသနာ့အာဇာနည် သီလရှင်ဆရာလေး ခုနစ်ပါးအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မေ ၃

နိုင်ငံတော်အစိုးရက ကျင်းပခဲ့သော ၁၃၆၄ ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင် သာသနဓဇဓမ္မာစရိယ ဘွဲ့တံဆိပ်ဆွတ်ခူးရရှိခဲ့ကြသည့် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သမိဒ္ဓေါဒယ သုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင်သီလရှင်စာသင်တိုက်မှ သာသနာ့အာဇာနည် သီလရှင်ဆရာလေး ခုနစ်ပါးတို့အား ဂုဏ်ပြုပူဇော်ပွဲကို ယမန်နေ့မွန်းလွဲ ၁နာရီခွဲက အဆိုပါစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညိန္ဒာဘိဝံသ ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ရွတ်ဆိုပူဇော်

ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အောင်မင်္ဂလာကျားကျောင်း ဆရာတော် ဘဒ္ဒန္တစရိယ သီကုံးရေးဖွဲ့အပ်သော ထုတိမင်္ဂလာ ဂါထာ ရတုပိုဒ်စုံနှင့် ထပ်တွန့်တေးထပ်ဆန်းတို့ကို ရန်ကုန်တိုင်း သာသနာရေးဦးစီးမှူး ဦးစံသင်းလှိုင်၊ အဆိုတော် ထားနှင့် တက္ကသိုလ်လဲ့လဲ့တို့က ရွတ်ဆိုပူဇော်ကြသည်။

ထေရုပ္ပတ္တိဖတ်ကြား

ဆက်လက်၍ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သာသနဓဇ ဓမ္မာစရိယ ဘွဲ့တံဆိပ်ရ ဆရာလေးခုနစ်ပါးတို့၏ ထေရုပ္ပတ္တိကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒေါ်ခင်စန္ဒာမြင့်၊ ဒေါ်အေးအေးသန့်နှင့် ဒေါ်စမ်းသီတာခင်တို့က ဖတ်ကြားပူဇော်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် သာသနဓဇ ဓမ္မာစရိယ ဘွဲ့တံဆိပ်ရ ဆရာလေးများ ဖြစ်ကြသည့် မတုလဝတီ၊ မသီလနန္ဒီ၊ မစန္ဒာသီရိ၊ မသုဇာတဉာဏီ၊ မမေဓနန္ဒီ၊ မဝဏ္ဏောသီ၊ မစန္ဒာသီဂီတို့အား သီလရှင်ဝတ်စုံနှင့် လှူဖွယ်ပစ္စည်းများကို ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၏ဇနီး ဒေါ်မြင့်မြင့်ရီ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၏ဇနီး ဒေါ်ခင်ညွန့်မြိုင်နှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှပေးဝေ

ယင်းနောက်တိပိဋကရေ တိပိဋက မွေဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ယောဆရာတော်ထံမှ အနုမောဒနာတရားတော်နာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

(သတင်းစဉ်)

သွေးဆေးကန်ဆရာတော် မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် မေ ၃

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှအဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယဖြစ်သော ဘဒ္ဒန္တတေဇိန္ဒ (B.Sc. Phy)သည် ပဲခူးတိုင်း ပြည်ခရိုင် ဥသျှစ်ပင် မိုးကုတ်ဝိပဿနာမေ့ရိပ်သာ အဖွဲ့ခွဲ အမှတ်(၁၈၇)တွင် (မေ ၁၃ ရက်မှ ၁၉ရက်) ကဆုန်လပြည့်ကျော် ၁၀ရက်မှ နယုန်လဆန်း ၁ ရက်အထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဧပြီ ၂၉ရက်က မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် စာပေညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် ဦးမောင်မောင်အေး (အလင်္ကာဝတ်ရည်)က ငွေကျပ်၃၀၀၀၀၀ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)က လက်ခံယူစဉ်။ (သတင်းစဉ်)

မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုကြိုဆို သန့်ရှင်းရေးဆောင်ရွက်၊ သွေးလှူဒါန်း

ရန်ကုန် မေ ၃

(၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့မွမ်းမံသင်တန်းအမှတ်စဉ်(၄/၂၀၀၄)မှ သင်တန်းသားများ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ မီးသတ်တပ်ဖွဲ့ဝင်များသည် ယမန်နေ့နံနက် ၆နာရီခွဲက မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကုနှင့်သင်ကြားရေးဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပြီး သွေးလှူဒါန်းကြသည်။

ကြည့်ရှုအားပေး

အဆိုပါ မီးသတ်တပ်ဖွဲ့ဝင်များ၏ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် သွေးလှူဒါန်းခြင်းကို ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေ၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြောက်ဥက္ကလာပမြို့နယ် ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးသည်။

သွေးလှူဒါန်း

ယင်းအခမ်းအနားတွင် မီးသတ်တပ်ဖွဲ့ဝင် ၁၀၀၀ကျော်တို့က သန့်ရှင်းရေးဆောင်ရွက်ကြပြီး မီးသတ်တပ်ဖွဲ့ဝင် ၇၀ တို့က သွေးလှူဒါန်းကြသည်။

ဆက်လက်၍ မင်္ဂလာဒုံ မြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး၌ မီးသတ်တပ်ဖွဲ့ဝင် ၅၀တို့က သွေးလှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သွေးလှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး တပ်မတော်ဆေးရုံကြီး တပ်မှူး (ကိုယ်စား) ဆေးကုသမှုအကူဌာနကြီးမှူး ရောဂါဗေဒပါရဂူ ဗိုလ်မှူးကြီး မျိုးညွှန့်က ကျေးဇူးတင်စကားပြောကြား၍ ရောဂါဗေဒပါရဂူဗိုလ်မှူး ဒေါ်သီရိထွန်းက သွေးအာနိသင်အကြောင်း ရှင်းလင်းပြောကြားပြီး ဆေးကုသမှုအကူဌာနကြီးမှူး ဗိုလ်မှူးကြီး မျိုးညွှန့်က မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။ **(သတင်းစဉ်)**

လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရှိ မဟာဗောဓိပင်အား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ညောင်ရေသွန်းလောင်းပူဇော်

ရန်ကုန် မေ ၃

လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်သည့် မင်းဓမ္မကုန်းတော်ရှိ မဟာဗောဓိပင်အား တတိယအကြိမ် ညောင်ရေသွန်းလောင်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့ညနေ၃နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော်ရင်ပြင်တော်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့တက်ရောက်၍ မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အဆိုပါ ညောင်ရေသွန်းလောင်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားသို့ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၏ဇနီး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဝတ်ရွတ်အဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အဖွဲ့ဝင်များနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် မင်းဓမ္မကုန်းတော်ရင်ပြင်တော်ရှိ မဟာဗောဓိပင်အား တတိယအကြိမ် ညောင်ရေသွန်းလောင်းပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းသာသနာရေးဦးစီးမှူး ဦးစံသင်းလှိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

သွန်းလောင်းပူဇော်

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးရှိန်အောင်ဗိုလ်က နတ်များအား ပင့်ဖိတ်၍ မဟာဗောဓိညောင်ရေသွန်းလောင်း ဗုဒ္ဓါဘိသေကမင်္ဂလာဂါထာတော်ကို ရွတ်ဖတ်ပူဇော်သည်။

ယင်းနောက် မင်္ဂလာအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် မဟာ ဗောဓိပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ထို့နောက် အရှေ့အရပ်မျက်နှာမှ ပရိသတ်များက ဗြဟ္မာမင်းများ၏ ကြွေးကြော်သံဂါထာကိုလည်းကောင်း၊ တောင်အရပ်မျက်နှာမှပရိသတ်များက နတ်ဒေဝါများ၏ ကြွေးကြော်သံဂါထာကို လည်းကောင်း၊ အနောက်အရပ်မျက်နှာမှ ပရိသတ်များက နဂါးများ၏ ကြွေးကြော်သံဂါထာကိုလည်းကောင်း၊ မြောက်အရပ်မျက်နှာမှ ပရိသတ်များက ဂဠုန်မင်းများ၏ ကြွေးကြော်သံဂါထာကို လည်းကောင်းရွတ်ဆိုကြ၍ ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ပို့ဆောင်

ဆက်လက်၍ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရေတိ်ကြားဦးသန်းလှက နတ်များအား ပြန်လည်ပို့ဆောင်သည်။

ယင်းနောက် ညောင်ရေသွန်းလောင်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များ လောကချမ်းသာအဘယ လာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်သည့် မင်းဓမ္မကုန်းတော်ရှိ မဟာဗောဓိပင်အား တတိယအကြိမ် ညောင်ရေသွန်းလောင်းပူဇော်ပွဲတွင် လောကချမ်းသာအဘယ လာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

အစာ အာဟာရ ကျွေးမွေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရတနာဆင်ဖြူတော်များအား အစာအာဟာရများ ကျွေးမွေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရတနာဆင်ဖြူတော်များအား နံ့သာရေစင်သွန်းဖျန်း

ရန်ကုန် မေ ၃

ရာဇဂဟသီရိပစ္စယဂဇရာဇာ ရတနာဆင်ဖြူတော်၊ သီဂိမာလာရတနာဆင်ဖြူတော်နှင့် ရတီမာလာရတနာဆင်ဖြူတော်များအား မင်္ဂလာနံ့သာရေစင်သွန်းဖျန်းခြင်းနှင့် ရိက္ခာတော်အသပြာငွေများချီးမြှင့်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ညနေ၃နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းဓမ္မလမ်းရှိ ရတနာဆင်ဖြူတော်ဆောင်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့ တက်ရောက်ကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရတနာဆင်ဖြူတော်များအား မင်္ဂလာနံ့သာရေစင် သွန်းဖျန်းပေးကာ အစာအာဟာရများကို ကျွေးမွေးသည်။

အဆိုပါ မင်္ဂလာအခမ်းအနားသို့ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၏ ဇနီး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များ၊ ဒေဝါဝင်း၊ ရာဇာဝင်း အဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အဖွဲ့ဝင်များနှင့် ပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးရှိန်အောင်ဗိုလ်က အောင်ဂါထာတော်ကိုရွတ်ဆိုပြီး မင်္ဂလာ စည်တော်ရွှမ်း၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ***စာမျက်နှာ ၁၂ ကော်လံ ၁***

အီရတ်၌ ကန်တပ်ဖွဲ့ဝင်များစိုးရိမ်စရာစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရ အပတ်စဉ် ရေဒီယိုမိန့်ခွန်းတွင် ဘုရှ် ဝန်ခံပြောကြား

ဝါရှင်တန် မေ ၂

အီရတ်၌ စစ်ပွဲကြီးပြီးဆုံးကြောင်း သမ္မတဂျော့ဒဗလျူဘုရှ်က ၂၀၀၃ခုနှစ် မေ ၁ရက်၌ ကြေညာခဲ့ပြီးနောက် တစ်နှစ်ရှိလာရာတွင် စနေနေ့ကမှ အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များသည် စိုးရိမ်စရာစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်ကြောင်း သမ္မတဘုရှ်က ဝန်ခံပြောကြားလိုက်သည်။

သမ္မတဂျော့ဒဗလျူဘုရှ်သည် ရေဒီယိုမှနေ၍ အပတ်စဉ် မိန့်ခွန်းပြောကြားရာ၌ ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ပြီး အီရတ်တွင် ဖြစ်ပေါ်နေသော ခက်ခဲသောအခြေအနေတစ်ရပ်နှင့် စပ်လျဉ်း၍ အကောင်းဆုံးအနေအထားဖြစ်အောင် ကြိုးပမ်းခဲ့သည်။ လွန်ခဲ့သည့်တစ်နှစ်၌ သမ္မတဘုရှ်သည် ယူအက်စ်အက်စ်လင်ကွန်း လေယာဉ်တင်သင်္ဘောကြီးပေါ်မှနေ၍ အီရတ်၌စစ်ပွဲကြီးပြီးဆုံးကြောင်း ကြေညာခဲ့သည်။

ပြောက်ကျားစစ်ပွဲဖြစ်နေ

အီရတ်၌ အဖျက်စွမ်းအားကြီးမားသော လက်နက်ကြီးများရှိသည်ဆိုကာ အမေရိကန်ပြည်ထောင်စုနှင့်အပေါင်းပါတို့သည် အီရတ်နိုင်ငံကို စစ်ပွဲဆင်နွှဲခဲ့ကြသော်လည်း မတွေ့ဘဲရှိခဲ့ကြသည်။ ယခုအခါ အီရတ်နိုင်ငံသည် သွေးထွက်သံယို ပြောက်ကျားစစ်ပွဲဖြစ်နေရပြီ ဖြစ်သည်။

ဒီမိုကရက်တို့၏ အပတ်စဉ် ရေဒီယိုမိန့်ခွန်းတွင် အီရတ်စစ်ပြန်ဖြစ်သော ဗိုလ်ပေါလ်ရီကော့ဗ်က လွဲမှားသောလမ်းကြောင်းပေါ် ရောက်ရှိနေသည့် ညံ့ဖျင်းသောလုပ်ငန်း အစီအစဉ်အတွက် ဘုရှ်၌တာဝန်ရှိကြောင်း ပြောဆိုခဲ့သည်။

လွန်ခဲ့သည့်နှစ်အတွင်း၌ အီရတ်နိုင်ငံ၏ နေရာဒေသ အစိတ်အပိုင်းများသည် ဖရိုဖရဲ ကစဉ့်ကလျားဖြစ်ခဲ့ကြရသည်။ ဧပြီတစ်လတည်း၌ပင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၁၃၂ဦး ရှိခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

မေ ၂ ရက်က ဘဂ္ဂဒက်မြို့ အဘူဂါရိပ်အရပ်တွင် အီရတ်ပြောက်ကျားတို့က ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမေရိကန်စစ်ယာဉ်တစ်စီး မီးလောင်နေသည့်နေရာအနီး၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး လုံခြုံရေးစောင့်ကြပ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြောက်ကျားတို့ လွတ်မြောက်ရေးအတွက်ကူညီလျှင် ဖမ်းထားသော အီတလီတပ်ဖွဲ့ဝင်သုံးဦးကိုလွှတ်ပေးမည်

ဒူဘိုင်း မေ ၂

အီရတ်၌ ပြီးခဲ့သောလက ပြောက်ကျားတို့၏ ဖမ်းဆီးခြင်းခံရသော စတုတ္ထမြောက် အီတလီတပ်ဖွဲ့ဝင်တစ်ဦးအား သတ်ဖြတ်ခဲ့ပြီးနောက် ကျန် အီတလီတပ်ဖွဲ့ဝင်သုံးဦးအားသတ်ဖြတ်မည်မဟုတ်ကြောင်းအီရတ်ပြန်ပေးဆွဲ အဖွဲ့တစ်ဖွဲ့က ကြေညာချက်တစ်စောင်ကို အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားသို့ ပေးပို့ခဲ့သည်ဟု ယင်းရုပ်မြင်သံကြားက စနေနေ့၌ ထုတ်လွှင့်သည်။

မိမိတို့သည် အီတလီပြည်သူများ လမ်းမများပေါ်၌ ဆန္ဒပြကြသည်ကို သိရပါကြောင်း၊ ယခုလည်း ဖမ်းဆီးထားသော အီတလီတပ်ဖွဲ့ဝင်များအား အနာတရဖြစ်စေမှု မပြုလုပ်ပါကြောင်း၊ ကာတာအခြေစိုက် ချန်နယ်မှ ပြောရေးဆိုခွင့်ရှိသူက ရိုက်တာသို့ ပြောကြားသည်။

ဖမ်းဆီးခြင်းခံခဲ့ရသည့် အီတလီတပ်ဖွဲ့ဝင်သုံးဦး၏ သူငယ်ချင်းများနှင့် ဆွေမျိုးများက ပြန်ပေးဆွဲခံရသော အီတလီသုံးဦး ပြန်လွှတ်ရေးအတွက် ရောမမြို့၌ ကြာသပတေးနေ့က ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြသည်ဟု ဆိုသည်။

ဆာလ်ဗာတိုရီစတီဖီယို၊ အမ်ဘာတိုကျူပါတီနိုနှင့် မာရီဇီယိုအက်ဂလီယာနာတို့သည် လွန်ခဲ့သော သီတင်းနှစ်ပတ်ခန့်က ဘဂ္ဂဒက်မြို့ပြင်၌ အဖမ်းခံရခြင်းဖြစ်သည်။

အဆိုပါ ဖမ်းဆီးခံခဲ့ရသည့် အီတလီသုံးဦးနှင့်အတူ စတုတ္ထမြောက် ပြန်ပေးဆွဲခံရသည့် အီတလီတပ်ဖွဲ့ဝင် တစ်ဦးမှာ အီရတ်မှ အီတလီတပ်ဖွဲ့ဝင် ၂၇၀၀ ရုပ်သိမ်းရန် တောင်းဆိုခဲ့ပြီးနောက် ပြန်ပေးဆွဲသမားများက သတ်ဖြတ်ခဲ့သည်။

အီရတ်မြောက်ပိုင်းမှ ပြောက်ကျားတပ်ဖွဲ့ဝင်များ လွတ်မြောက်ရေးအတွက် အီတလီအစိုးရက ကူညီပေးလျှင် ဖမ်းဆီးထားသူသုံးဦးအား ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း ဂရင်းဘရီဂိတ်အမည်ရှိတပ်ဖွဲ့က ပြောဆိုသည်ကို အယ်လ်ဂျာဇီရာ ရုပ်သံကလွှင့်သည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

အချုပ်အခြာအာဏာကို ထိပါးသော မည်သည့်စံနှုန်းကိုမျှ လက်ခံမည်မဟုတ်ကြောင်း ကုလလုံခြုံရေးကောင်စီ၌ အိန္ဒိယပြောကြား

ကုလသမဂ္ဂ မေ ၁

အိန္ဒိယနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွင်း မဟုတ်သော အချုပ်အခြာအာဏာပိုင်မှုကို ထိပါးသော မည်သည့်စံနှုန်းကိုမဆို လက်ခံမည်မဟုတ်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ အခိုင်အမာပြောကြားလိုက်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ သို့မဟုတ် အကြမ်းဖက်သမားများ လက်တွင်းသို့ အဖျက်စွမ်းအားကြီးမားသော လက်နက်များ မရောက်စေရန်အတွက် တားဆီးမည့် ဆုံးဖြတ်ချက်တစ်ရပ်ကို လုံခြုံရေးကောင်စီက မပြဋ္ဌာန်းမီ အိန္ဒိယနိုင်ငံက လုံခြုံရေးကောင်စီသို့ စာပေးပို့ရာ၌ ထိုသို့ရေးသား ဖော်ပြထားသည်။

အဖျက်စွမ်းအား ကြီးမားသော လက်နက်များ(ဒဗလျူ အမ်ဒီ)ပြန့်ပွားခြင်းနှင့် ယင်းလက်နက်များကို ဖြန့်ဖြူးသည့် နည်းလမ်းများကို ဟန့်တားရာတွင် ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းမှုများကို အိန္ဒိယနိုင်ငံက အပြည့်အဝ ထောက်ခံကြောင်းနှင့် မဆုတ်မနစ် တာဝန်ခံမှုကို ထောက်ခံကြောင်း ကုလသမဂ္ဂဆိုင်ရာ အိန္ဒိယသံအမတ်ကြီး ဗီဂျေးနမ်ဘီယာက ပြောကြားသည်။ **(ပီတီအိုင်)**

၂၀၀၈ခုနှစ် တရုတ်အိုလံပစ်အားကစားပွဲတော်ကို ကြိုဆို တိဗက်အမျိုးသားတစ်ဦးက တစ်ကိုယ်တော်ခရီးရှည် စက်ဘီးစီးခရီးနှင်

လာဆာ မေ ၂

၂၀၀၈ခုနှစ် အိုလံပစ်အားကစားပွဲတော်ကို ကြိုဆိုထောက်ခံသောအားဖြင့် အသက် ၃၇ နှစ် အရွယ်ရှိ တိဗက်အမျိုးသားတစ်ဦးက အဆိုပါ ပြိုင်ပွဲလက်ခံကျင်းပမည့် တရုတ်နိုင်ငံ ပေကျင်းမြို့တော်သို့ ကီလိုမီတာ ၅၀၀၀အကွာခရီးကို တစ်ကိုယ်တော် စက်ဘီးစီးနင်းမှုအဖြစ် စနေနေ့က လာဆာမြို့မှ စတင်ခရီးနှင်ပြီ ဖြစ်သည်။

အောင်မြင်မှု

အဆိုပါကီလိုမီတာ ၅၀၀၀ အကွာအဝေးခရီးကို စက်ဘီးစီးနင်းမည့်သူမှာ ပူဘူစီရန်အမည်ရှိ တိဗက် အမျိုးသားတစ်ဦးဖြစ်၍ ပြည်တွင်း မော်တော်ယာဉ် စက်မှုဆိုင်ရာ ကုမ္ပဏီတစ်ခုမှ ယာဉ်မောင်းတစ်ဦးဖြစ်ပြီး သူသည် ယခုတစ်ကိုယ်တော်စက်ဘီး စီးနင်းမှုတွင်လည်း အောင်မြင်မှုရရှိမည့် ပထမဆုံး တိဗက်အမျိုးသား တစ်ဦးဖြစ်လာမည် ဖြစ်သည်။

ထောက်ခံအားပေး

စီရန်သည် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ မရောက်မီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများနှင့် ပြည်နယ်ရှစ်ခုကို ဖြတ်သန်းစီးနင်းရမည်ဖြစ်ပြီး အချိန်နှစ်လခန့် ကြာမည်ဖြစ်သည်။ သူ၏ခရီးစဉ် အောင်မြင်ရန် အတွက်လည်း သူ၏မိခင်နှင့်ဇနီးဖြစ်သူတို့က အခိုင်အမာ ထောက်ခံအားပေးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ပျော်ရွှင်နေ

မေ ၂ ရက်က ဖော်လူဂျာမြို့ကို အီရတ်တပ်ဖွဲ့ဝင်များ ထိန်းချုပ်ခွင့်ရရှိသဖြင့် အီရတ်ပြောက်ကျားများ ပျော်ရွှင်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပေကျင်းမြို့သို့ ကမ္ဘာလှည့်ခရီးသည် တစ်ရက်တည်း နှစ်သိန်းကျော်လာရောက်ခဲ့

ပေကျင်း မေ ၂

အလုပ်သမားနေ့ အားလပ်ရက် သီတင်းပတ်၏ ပထမနေ့ဖြစ်သော စနေနေ့တွင် ပေကျင်းမြို့သို့ ကမ္ဘာလှည့်ခရီးသည် ၂၀၀၀၀၀ ကျော် လာရောက်ခဲ့ကြသည်။

ထိုသို့လာရောက်ခဲ့ရာတွင် ဖော်ဘစ်ဒင်းစီးတီးသို့ ကမ္ဘာလှည့်ခရီးသည် ၄၈၀၀၀ခန့်နှင့် နွေရာသီနန်းတော်သို့ ၂၄၀၀၀လာရောက်ခဲ့ကြောင်း အစိုးရသတင်းရပ်ကွက်က ပြောကြားသည်။

အဆင့်မီဟိုတယ်များ၌ ပျမ်းမျှ ၅၈ရာခိုင်နှုန်းတည်းခိုခဲ့ကြပြီး ရိုးရိုးဟိုတယ်များ၌ ၄၃ ရာခိုင်နှုန်းနှင့် ဆင်ခြေဖုံးရှိ ဟိုတယ်အသေးစားများ၌ ၆၅ ရာခိုင်နှုန်းတည်းခိုခဲ့ကြသည်ဟု သတင်းရပ်ကွက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်ပြည်သူတို့ဘဝ တိုးတက်လာကြောင်း ဘုရှ်ပြောဆိုမှုအပေါ် အီရတ်၌ တိုက်ခိုက်မှုများသာ ဖြစ်ပွားနေကြောင်း ဝေဖန်သူတို့ထောက်ပြ

ဘဂ္ဂဒက် မေ ၂

အီရတ်စစ်ပွဲကာလအတွင်း အဓိကပုံရိပ်တစ်ခုဖြစ်ခဲ့သော အမေရိကန်သမ္မတဘုရှ်က အီရတ်စစ်ပွဲပြီးဆုံးကြောင်းကြေညာရာမှာနောက်ခံ အဖြစ် အသုံးပြုခဲ့သည့် စာတန်းအား သမ္မတဘုရှ်အပေါ် ဝေဖန်သူများက ထိုးနှက်ချက်အဖြစ် အသုံးပြုနေကြောင်း သိရသည်။ သမ္မတဘုရှ်က အီရတ်ပြည်သူများ၏ ဘဝ ပိုမိုတိုးတက်လာကြောင်း ပြောကြားနေသော်လည်း အများစုမှာ အမေရိကန်တို့၏ လုပ်ရပ်သည် လမ်းလွဲနေပြီဖြစ်ကြောင်း ဝေဖန်နေကြသည်။

အီရတ်စစ်ပွဲ တစ်နှစ်တာကာလအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ခုနစ်ရာကျော်သေဆုံးခဲ့ရာမှာ ပြီးခဲ့သည့်လအတွင်း သေဆုံးမှု စံချိန်တင်အမြင့်ဆုံးလဖြစ်ခဲ့သည်။ သို့ရာတွင် သမ္မတဘုရှ်က အီရတ်ပြည်သူများ၏ ဘဝအခြေအနေတိုးတက်မြင့်မားလာကြောင်း ပြောကြားခဲ့ရာ ဝေဖန်သူများက အီရတ်မြို့ကြီးများဖြစ်သည့် ဖော်လူဂျာနှင့်နာဂျက်ဖ်၌လတ်တလော ဖြစ်ပွားနေသော တိုက်ခိုက်မှုများကို ထောက်ပြခဲ့ကြသည်။

ခြိမ်းခြောက်

ယင်းတိုက်ခိုက်မှုများကြောင့် နိုင်ငံတည်ငြိမ်ရေးကို ထိခိုက်စေသကဲ့သို့ ဇွန် ၃၀ ရက်၌ အီရတ်တို့ထံ အချုပ်အခြာအာဏာလွှဲပြောင်းမည့် အစီအစဉ်ကိုလည်း ခြိမ်းခြောက်စေကြောင်း ဝေဖန်ကြသည်။

လက်နက်ကောင်း

ပြီးခဲ့သော တစ်နှစ်က အီရတ်၌ စစ်ပွဲများပြီးဆုံးကြောင်း ကြေညာခဲ့သည့်သမ္မတဘုရှ်၏ မိန့်ခွန်းသည် နိုင်ငံရေးလှုပ်ရှားမှုအတွက် ကြော်ငြာကောင်းတစ်ရပ်ဖြစ်ခဲ့သော်လည်း ယခုအခါ အတိုက်အခံများက အသုံးပြုစရာ လက်နက်ကောင်းတစ်ရပ် ဖြစ်နေသည်။

ဝန်ခံခဲ့ကြရ

အဆိုပါစာတန်းကို အသုံးပြုမိသည့်အတွက် မှားယွင်းကြောင်း သမ္မတဘုရှ်၏ နိုင်ငံရေး အကြံပေးပုဂ္ဂိုလ်များက ယခုအခါ ဝန်ခံခဲ့ကြရပြီဖြစ်သည်။

(စီအင်န်အင်န်)

မြန်မာ့အလင်း

နိုင်ငံတကာသတင်းများ

ပြောက်ကျားတို့နှင့် ကန်တို့၏ ပြင်းထန်သောတိုက်ပွဲများကြောင့် မြို့လူဦးရေသုံးပုံတစ်ပုံ အိမ်များ စွန့်ခွာထွက်ပြေးခဲ့ကြရ

ဘဂ္ဂဒက် မေ ၂

အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့များ တစ်လကြာခန့် ဝိုင်းရံထားသော ဖော်လူဂျာမြို့၌ အီရတ်တပ်ဖွဲ့များ ထိန်းချုပ်ခွင့်ရသွားသည့်အတွက် ဒေသခံများ အိမ်သို့ပြန်လာနေကြပြီ ဖြစ်သည်။ အီရတ် ပြောက်ကျားများနှင့် အမေရိကန်တို့အကြား ပြင်းထန်သော တိုက်ပွဲများကြောင့် မြို့နေလူဦးရေ၏ သုံးပုံတစ်ပုံသည် အိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုများလည်း များပြားခဲ့သည်။ ပြီးခဲ့သည့်သောကြာနေ့က မြို့တွင်းမှ အမေရိကန်တပ်ဖွဲ့များ ထွက်ခွာသွားပြီး အီရတ်လုံခြုံရေးတပ်ဖွဲ့များ နေရာယူခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားခဲ့ကြသည်။ ၎င်းတို့၏ ကလေးငယ်များနှင့်ပစ္စည်းများကို သယ်ဆောင်လာသော ဒေသခံများသည် မြို့ပြင်စစ်ဆေးရေးစခန်း၌ ရောက်ရှိစောင့်ဆိုင်းနေကြကြောင်း သိရသည်။

(စီစီတီဗွီ)

မေ ၂ ရက်က ဖော်လူဂျာမြို့တွင် အီရတ်ပြောက်ကျားတို့နှင့် အမေရိကန်တပ်ဖွဲ့ဝင်များပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားစဉ် ဒုံးကျည်ထိမှန်မှုကြောင့် ပျက်စီးသွားသော အိမ်ကို အီရတ်တို့ ကြည့်ရှုနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တို့ ထူထောင်သော ရုပ်သံဌာနနှစ်ခု ထုတ်လွှင့်ချက် အီရတ်တို့မယုံကြည်၊ အာရပ်သတင်းဌာနများကိုသာ ယုံကြည်

ဘဂ္ဂဒက် မေ ၂

အီရတ်ပြည်သူများအား အယုံသွင်းနိုင်ရန် ရည်ရွယ်ပြီး အမေရိကန်အစိုးရက ငွေကြေးထောက်ပံ့ကာ အယ်ခိုရာနှင့် အယ်အာရာဘီယာ အမည်ရှိ ရုပ်သံဌာနနှစ်ခုအား ထူထောင်ပေးထားသည်။ သို့ရာတွင် အီရတ်ပြည်သူတို့က အမေရိကန်တို့ ထောက်ပံ့ထားသော ရုပ်သံဌာနများ၏ သတင်းထုတ်လွှင့်ချက်များကို မယုံကြည်ကြဘဲ အမေရိကန်တို့အပေါ်လည်း အကောင်းမမြင်ကြဘဲရှိသည်။

အီရတ်များက ထင်ရှားသော အာရပ်သတင်းဌာနများဖြစ်သည့် အယ်ဂျာဇီရာနှင့် အယ်အာရေဘီးယားရုပ်သံတို့ကိုသာ ကြည့်ရှုလိုကြသည်။ ၎င်းဌာနများမှတစ်ဆင့် ဖော်လူဂျာမြို့နှင့်အခြားဒေသများ၌ အမှန်တကယ်ဖြစ်ပျက်နေမှုများကို သိရကြောင်း၊ အမေရိကန်တို့က ဒေသခံများက အမှန်တရားကို သိရှိစေလိုပုံ မပေါ်ကြောင်း ပြည်သူတစ်ဦးက ပြောကြားခဲ့သည်။ အမေရိကန်တို့က ၎င်းဌာနများသည် အီရတ်နှင့်ပတ်သက်ပြီး မမှန်သတင်းများထုတ်လွှင့်ကြောင်း စွပ်စွဲနေသော်လည်း အီရတ်တို့ကမူ အနောက်တိုင်းရုပ်သံဌာနများ၏ သိက္ခာနှင့် ယုံကြည်ရမှု ရှိမရှိကိုသာ မေးခွန်းထုတ်နေကြကြောင်း သိရသည်။

အမ်အင်အေ၊ ရိုက်တာ

မေ ၂ ရက်က အီရတ်နိုင်ငံ အမာရာမြို့ပြင်တွင် ပြောက်ကျားတို့ တိုက်ခိုက်မှုကြောင့် မီးလောင်ပျက်စီးသွားသော အမေရိကန်စစ်ယာဉ်တစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသားများကို ကန်နှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များ ညှဉ်းပန်းနှိပ်စက်မှု ကျယ်ကျယ်ပြန့်ပြန့် စုံစမ်းစစ်ဆေးပေးရန် တောင်းဆို

ဘဂ္ဂဒက် မေ ၂

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ ဖမ်းဆီးထိန်းသိမ်းထားသည့် အီရတ်အကျဉ်းသားများ၊ ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခြင်းခံရသောသတင်းများ ထွက်ပေါ်လာမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် အီရတ်အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်တစ်ဦးက အီရတ်အာဏာပိုင်များကို တောင်းဆိုလိုက်ကြောင်း သိရှိရသည်။ ထွက်ပေါ်လာသော သတင်းဓာတ်ပုံများအရ ဘဂ္ဂဒက်မြို့အနီး အကျဉ်းထောင်၌ ဖမ်းဆီးထားသည့် အီရတ်အကျဉ်းသားများကို အမေရိကန်တပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်ခဲ့ခြင်းဖြစ်ပြီး အီရတ်အကျဉ်းသားများကို ဗြိတိသျှတပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဗြိတိသျှဝန်ကြီးချုပ်တိုနီဘလဲက ထိုကိစ္စအပေါ်လုံးဝလက်မခံနိုင်ကြောင်း ပြောကြားလျက်ရှိသော်လည်း အင်္ဂလန်နိုင်ငံတစ်ဝန်းသတင်းနယ်ပယ်၌ ထိုကိစ္စသည် အကြီးအကျယ် ပျံ့နှံ့လျက်ရှိပြီး ဒေးလီးမီးရာသတင်းစာ၌လည်း အီရတ်အကျဉ်းသားများကို ဗြိတိသျှတပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်နေသော ရုပ်ပုံအမျိုးမျိုးကို ထည့်သွင်းဖော်ပြထားပြီး ၎င်းဓာတ်ပုံများသည် ဗြိတိသျှတပ်ဖွဲ့ဝင်များထံမှပင် ရရှိခဲ့ကြောင်း သတင်းစာက ရေးသားဖော်ပြသည်။ ယင်းကိစ္စအပေါ် ဝန်ကြီးချုပ်တိုနီဘလဲရုံးက ပြစ်တင်ပြောကြားလိုက်ပြီး စစ်ဘက်စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

တောင်းဆို

သို့ရာတွင် နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့က လွတ်လပ်ပြီးကျယ်ပြန့်သည့် စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် တောင်းဆိုထားသည်။

ဗြိတိသျှတပ်ဖွဲ့ဝင်များသည် အီရတ်ပြည်သူများနှင့် အာရပ်လူ့အဖွဲ့အစည်းအတွင်း ယုံကြည်မှုကို ရယူနိုင်ရန် ကြိုးစားနေစဉ် ယခုကဲ့သို့ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လျော့ပါး

ဗြိတိန်အစိုးရအပေါ် လူကြိုက်မများဘဲ ဖြစ်နေချိန် ယခုကိစ္စပေါ်ပေါက်လာသည့်အတွက်ပြည်သူများ၏ ယုံကြည်မှုများ လျော့ပါးလာသည်။

အကျပ်ရိုက်

အီရတ် နိုင်ငံသို့ ဗြိတိန်တပ်ဖွဲ့ဝင်များထပ်မံ စေလွှတ်ရန် ဆောင်ရွက်နေချိန်နှင့် အမေရိကန်တို့၏ အပေါင်းပါ အခြားနိုင်ငံအချို့မှ တပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းနေချိန် ယခုကဲ့သို့ဖြစ်ပွားခဲ့မှုကြောင့် ဗြိတိသျှအစိုးရအတွက် ပိုမို အကျပ်ရိုက်ခဲ့သည်။

(စီအင်န်အင်န်)

ကန်တို့တိုက်ခိုက်ခဲ့မှု ဖော်လူဂျာမြို့တွင် ဒေသခံပြည်သူများ ရာချီသေဆုံးခဲ့

ဖော်လူဂျာ မေ ၂

ပဋိပက္ခများပြင်းထန်နေခဲ့သော ဖော်လူဂျာမြို့၏ လုံခြုံရေးတာဝန်များကို ယခင်အီရတ်တပ်ဖွဲ့ဝင်များပါဝင်သော လုံခြုံရေးတပ်ဖွဲ့က တာဝန်ယူလိုက်ပြီဖြစ်သည်။ ၎င်းမြို့တွင် အမေရိကန် ကန်ထရိုက်လုပ်ငန်းရှင် လေးဦးသေဆုံးခဲ့ပြီးနောက် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များက လက်တုံ့ပြန်ထိုးစစ်ဆင်ရာမှ တင်းမာမှုများ ဆိုးဆိုးရွားရွားဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အသုံးပြု

အီရတ်လက်နက်ကိုင်များမှာ စက်သေနတ်များသာရှိခဲ့ပြီး အမေရိကန်တပ်ဖွဲ့ဝင်များက တင့်ကားကြီးများ၊ ဂျက်လေယာဉ်များအထိ အသုံးပြုခဲ့ကြသည်။ သို့ရာတွင် ဒေသတွင်း ထိန်းချုပ်ရေးအာဏာကို မိမိတို့ဘက်က ရရှိပြီဖြစ်ကြောင်း ဖြင့်ဒေသခံ အီရတ်ပြည်သူများက ဝမ်းပန်းတသာ ပြောကြားလျက်ရှိသည်။ ဘဂ္ဂဒက်ရှိ အမေရိကန်တာဝန်ရှိသူများက အီရတ်တပ်ဖွဲ့ကို ၎င်းတို့၏ အပေါင်းပါအဖြစ် သတ်မှတ်နေကြပြီး ၎င်းအီရတ် ဗိုလ်ချုပ်ကိုလည်း သဘောကျလျက်ရှိကြသည်။ လက်နက်ကိုင်တိုက်ခိုက်သူများက မြို့သည် အီရတ်တပ်ဖွဲ့ဝင်များလက်ထဲရောက်လာခြင်းကို အောင်နိုင်မှုဟု ယူဆခဲ့လျှင် မြို့နေပြည်သူများအတွက်မူ ဆုံးရှုံးမှုများသာ အဖတ်တင်ကျန်ရစ်ခဲ့ကြောင်း၊ တိုက်ခိုက်မှုများအတွင်း ဒေသခံရာနှင့်ချီသေဆုံးခဲ့ရပြီး ထောင်ပေါင်းများစွာ မိမိတို့၏ နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ကြရကြောင်း သိရှိရသည်။

ယခုအခါ ဒေသခံပြည်သူများသည် နေအိမ်များသို့ ပြန်လာကြရာ အမေရိကန် မရိန်းတပ်ဖွဲ့များက မြို့တွင်းသို့ ဝင်ခွင့်ပေးရန်အတွက် မြို့ပြင်၌ စောင့်ဆိုင်းနေကြရကြောင်း သိရှိရသည်။ ဘဂ္ဂဒက်မြို့ ဒုက္ခသည် စခန်း၌လည်း ဆက်လက်ခိုအောင်းနေသူများ ကျန်ရှိနေသေးကြောင်းသိရှိရသည်။

(စီအင်န်အင်န်)

ကန်တပ်ဖွဲ့ဝင်တို့၏ မတရားညှဥ်းပန်းနှိပ်စက်မှုများ

အီရတ်အကျဥ်းသားများခံခဲ့ကြရဟု နယူးယောက်ကာမဂ္ဂဇင်းက ဖော်ပြ

ဝါရှင်တန် မေ ၂

အီရတ်အကျဥ်းသားများသည် အမေရိကန်တပ်ဖွဲ့ဝင်များ၏ မတရားညှဥ်းပန်းနှိပ်စက်သည့် ရာဇဝတ်မှုများနှင့်ကြုံခဲ့ကြရကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ အစီရင်ခံစာကို ကိုးကားလျက် နယူးယောက်ကာမဂ္ဂဇင်းက ရေးသားဖော်ပြသည်။

ထိုသို့ အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဥ်းသားများကို ကျူးလွန်ခဲ့သော ရာဇဝတ်ပြစ်မှုများမှာ လိင်တူဆက်ဆံခြင်းနှင့် ရိုက်နှက်ခြင်းများ ပါဝင်ခဲ့သည်။

ရရှိ

နယူးယောက်ကာမဂ္ဂဇင်းသည် ဘဂ္ဂဒက်မြို့ပြင်ရှိ အဘူဂါရိုပ် အကျဥ်းထောင်၌ မတရားညှဥ်းပန်းနှိပ်စက်သည်ဆိုသော စွပ်စွဲချက်များကို ဖော်ပြထားသည့် စာမျက်နှာ ၅၃ မျက်နှာပါရှိသော အမေရိကန်စစ်ဘက်ဆိုင်ရာ၏ အစီရင်ခံစာကို ရရှိခဲ့သည်။

ရေးသား

အဆိုပါ အစီရင်ခံစာကို အီရတ်ရှိ အမေရိကန် ထိပ်တန်းဗိုလ်ချုပ်ကြီး တစ်ဦးဖြစ်သော ဒုတိယဗိုလ်ချုပ်ကြီး ရီကာဒိုဆန်ချေစ့်၏ အမိန့်ဖြင့် ရေးသားခဲ့ပြီး ဖေဖော်ဝါရီလထဲ၌ ပြီးဆုံးခဲ့ကြောင်း နယူးယောက်ကာမဂ္ဂဇင်းက ရေးသားဖော်ပြခဲ့သည်။ အဆိုပါ အစီရင်ခံစာကို ရေးသားသူ ဗိုလ်ချုပ်အန်တိုနီယိုကာဂူဘာက စွပ်စွဲချက်များကို အထောက်အကူဖြစ်စေသော အထောက်အထားများတွင် မျက်မြင်ထွက်ဆိုသည့် အသေးစိတ်အချက် အလက်များနှင့် ဓာတ်ပုံအထောက်အထားများပါဝင်ကြောင်း ပြောကြားသည်။

သံသယရှိသူများ

အမေရိကန်စစ်ဘက်ဆိုင်ရာသည် ယခုအခါ အဘူဂါရိုပ်၌ အကျဥ်းသား ထောင်ပေါင်းများစွာကို ဖမ်းဆီးချုပ်နှောင်ထားလျက်ရှိရာ အများစုမှာ အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်သူများဟု သံသယရှိသူများဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ

နိုင်ငံခြား သတင်းများ

အီရတ်၌ တိုက်ခိုက်မှုများမြင့်မားနေ ရင်းနှီးမြှုပ်နှံသူ ရှာတွေ့နိုင်ရန်ခဲယဥ်း

ဘဂ္ဂဒက် မေ ၂

အီရတ်တို့ထံ အမေရိကန်တို့ အချုပ်အခြာအာဏာ ပြန်လည်လွှဲပြောင်းပေးရန် နှစ်လသာလိုတော့သည်။ အီရတ် အနာဂတ်အရေးအတွက် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ လုပ်ဆောင်ရန် ငွေကြေးရန်ပုံငွေ လိုအပ်လျက်ရှိပြီး လတ်တလောဖြစ်ပွားနေသော တိုက်ခိုက်မှုများ မြင့်မားလာနေသည့် အခြေအနေကြောင့် အီရတ်၌ ရင်းနှီးမြှုပ်နှံမည့်သူ ရှာတွေ့နိုင်ရန် ခဲယဥ်းလျက်ရှိနေသည်။

စိုးရိမ်ထိတ်လန့်

အီရတ်ပြန်လည်တည်ဆောက်ရေး၌ ပါဝင်ပြီး စီးပွားရေးအရ ရင်းနှီးမြှုပ်နှံခြင်းသည် အလွန်စွန့်စားမှုများသော စီးပွားရေးတစ်ရပ်သဖွယ်ဖြစ် လျက်ရှိသည်။ ရရှိပြီး ကန်ထရိုက်များနှင့် မလုံလောက်ဘဲ ပိုမိုလိုအပ်လျက်ရှိနေသော်လည်း အီရတ်၏ မတည်ငြိမ်မှုအပြင် တိုက်ခိုက်မှုများ မြင့်မားနေခြင်းကြောင့် ရင်းနှီးမြှုပ်နှံသူများက စိုးရိမ်ထိတ်လန့်လျက်ရှိသည်။ အီရတ်မဟုတ်သည့် ကန်ထရိုက်တာများနှင့် စီးပွားရေးလုပ်ငန်းရှင်များအား ပစ်မှတ်ထား တိုက်ခိုက်လာခြင်းကလည်း စိုးရိမ်မှုများ ပိုမိုတိုးပွားလာစေလျက်ရှိသည်။ **(စီအင်န်အင်န်)**

အီရတ်နိုင်ငံ၌ အခြေအနေထိန်းမနိုင်သိမ်းမရ ဖြစ်လာမှု

အရှေ့အလယ်ပိုင်းတစ်ခုလုံး မတည်ငြိမ်ဖြစ်မည်ကို ဂျာမနီစိုးရိမ်

ဘာလင် မေ ၃

အီရတ်နိုင်ငံ၌ ထိန်းမနိုင်သိမ်းမရဖြစ်မှုသည် အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံး မတည်ငြိမ်လျက်ရှိပြီး ခုခံတိုက်ခိုက်မှုများ ကျယ်ပြန့်လာမည်ကို မိမိစိုးရိမ်ကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ယောရှ်ကာဖစ်ရှာက ပြောကြားကြောင်း ဂျာမန်မဂ္ဂဇင်းက စနေနေ့၌ ကိုးကားဖော်ပြလိုက်သည်။

ဖစ်ရှာသည် ယနေ့ထိတိုင် အမေရိကန်ဦးဆောင်သော ဝင်ရောက်တိုက်ခိုက်မှုကို အပြင်းထန်ဆုံး ဝေဖန်ခဲ့သူဖြစ်သည်။ ဖစ်ရှာက ယခုအခါ အီရတ်အခြေအနေသည် သေရေးရှင်ရေးတမျှ အရေးကြီးလာပြီဖြစ်ကြောင်း ဖစ်ရှာက ပြောကြားသည်။

တိုက်တွန်း

အီရတ်တွင်ရှိသော ပြဿနာများသည် အရှေ့အလယ်ပိုင်း၌ အကြမ်းဖက်မှု ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာနိုင်သည့် အန္တရာယ်ရှိကြောင်း ဖစ်ရှာကပြောဆိုပြီး အီရတ်တွင် နိုင်ငံရေးလုပ်ငန်းစဥ် ထိန်းချုပ်မှုကို ကုလသမဂ္ဂသို့ပေးရန် အမေရိကန်ပြည်ထောင်စုသို့ တိုက်တွန်းလိုက်သည်။

လုပ်ဆောင်နိုင်

ဒေသတွင်း၌ အလွန်အမင်း ပေါက်ကွဲလွယ်သော ရောထွေးနေသည့် အခြေအနေတစ်ရပ် ဖန်တီးဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိအနေဖြင့် ဥရောပတို့သည် ၎င်းတို့တတ်နိုင်သော သင့်တင့်မျှတသည့် ဩဇာအရှိန်အဝါကို သုံးရန်ကောင်းစွာလုပ်ဆောင်နိုင်မည်ဟု ထင်ကြောင်း ဖစ်ရှာက ပြောဆိုသည်။

ပြတ်သားစွာပြောဆို

တစ်ဖန် ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ယောရှ်ကာဖစ်ရှာက ဂျာမနီနိုင်ငံသည် အီရတ်သို့ တပ်ဖွဲ့ဝင်များစေလွှတ်မည်မဟုတ်ကြောင်း ထပ်မံ၍ရှင်းလင်းပြတ်သားစွာ ပြောဆိုလိုက်သည်။

အမ်အင်အေ၊ရိုက်တာ

စစ်ဆေး

မေ ၂ရက်က မိုဆူးလ်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲသည့်နေရာ၌ အမေရိကန်တပ်ဖွဲ့ဝင်များ စစ်ဆေးမှုများ ပြုလုပ်နေကြစဥ်။ (ဓာတ်ပုံ-အင်တာနက်)

ရှာဖွေစစ်ဆေး

မေ ၂ရက်က နာဂျက်ဖ်မြို့ရှိ စစ်ဆေးရေးစခန်းတစ်ခု၌ စက်ဘီးစီးလာသော အီရတ်တစ်ဦးကို အမေရိကန်တပ်ဖွဲ့ဝင်များက ရှာဖွေစစ်ဆေးနေစဥ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားများနှင့် တိုက်ပွဲဖြစ်ပွား

အပေါင်းပါတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးကြောင်း စစ်ဘက်ကြေညာချက်၌ဖော်ပြ

ဘဂ္ဂဒက် မေ ၁

အီရတ်နိုင်ငံ အယ်လ်အန်ဘာပြည်နယ်တွင် အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားများနှင့် တိုက်ပွဲဖြစ်စဥ် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့မှ ရေတပ်သားနှစ်ဦးသေဆုံးကြောင်း စနေနေ့ကထုတ်ပြန်သည့် စစ်ဘက်ဆိုင်ရာကြေညာချက်၌ ဖော်ပြထားသည်။

ပစ်မှတ်

အဆိုပါရေတပ်သားနှစ်ဦးသည် သောကြာနေ့က သေဆုံးခဲ့ခြင်းဖြစ်ပြီး ဖော်လူဂျာမြို့ဝန်းကျင်၌ ထိုးစစ်ဆင်ခဲ့သော အမှတ် (၁)မရိန်းစစ်ဆင်ရေးတပ်၌ တာဝန်ချထားခြင်းခံရသူများဖြစ်သည်။ သောကြာနေ့က ဖြစ်ပွားခဲ့သော သီးခြားတိုက်ခိုက်မှုတွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရခဲ့သည်။ ၎င်းတို့သည် ဖော်လူဂျာအခြေစိုက်စခန်းအနီး၌ အသေခံဗုံးခွဲတိုက်ခိုက်သူ၏ ပစ်မှတ်များဖြစ်ခဲ့ကြရသည်။

သေဆုံး

အီရတ်နိုင်ငံမြောက်ပိုင်းရှိ မိုဆူးလ်မြို့တွင် ဗုံးခွဲတိုက်ခိုက်ရာ၌ နိုင်ငံခြားသား လုံခြုံရေးကန်ထရိုက်နှစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရခဲ့သည်ဟု အီရတ်ရှိ အမေရိကန်နှင့်အပေါင်းပါတပ်များက ပြောကြားသည်။ အဆိုပါကန်ထရိုက်များသည် ရေနံယာဥ်တန်းများလုံခြုံရေးကို အကာအကွယ်ပေးနေသော ကုမ္ပဏီဝန်ထမ်းများဖြစ်သည်။ ၎င်းအလုပ်သမားများသည် လမ်းဘေးဗုံးပေါက်ကွဲထိမှန်မှုကြောင့် သေဆုံးခြင်းဖြစ်သည်ဟုဆိုသည်။ **(အင်တာနက်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သဗ္ဗညုပုထိုးတော်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်ကို ပင့်ဆောင်လျက် သဗ္ဗညုပုထိုးတော်ကြီးအား လက်ယာရစ် တစ်ပတ်လှည့်လည်ပူဇော်စဉ်။ (သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

အဆိုပါ သဗ္ဗညုပုထိုးတော်ကြီး ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ ထေရဝါဒဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) သင်ကြား/စီမံဆရာတော်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဆရာတော်၊ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် မြို့နယ်သံဃနာယကအဖွဲ့ (ဂိုဏ်းပေါင်းစုံ) ဥက္ကဋ္ဌ ဆရာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဓမ္မသက သီလရှင် စာသင်တိုက် ပဓာန နာယက သီလရှင် အဖွားလေး ဒေါ်ဓမ္မေသီနှင့် သာသနာ့နွယ်ဝင် သီလရှင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယ ဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီးဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယ ဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီး ချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ နှင့် ဇနီး၊အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီး များ၊ သဗ္ဗညုပုထိုးတော်ကြီး တည်ဆောက်ရေးကော်မတီဝင်များ၊ ရန်ကုန် မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန် ရှိသူများ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ နှင့် တာဝန်ရှိသူများ၊ ဘာသာရေး အသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူ များနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် အတွင်းရှိ မြို့နယ်များမှ ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားပထမပိုင်းဖြစ်သည့် ဒါန၊သီလ၊ဘာဝနာကုသိုလ် ဆည်းပူး ခြင်းအစီအစဉ်ကို နံနက် ၇ နာရီတွင် သဗ္ဗညုပုထိုးတော်ကြီး မြေညီထပ်၌ ကျင်းပရာ ရှေးဦးစွာ ဆရာတော် သံဃာတော်များနှင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အမှူးပြုသော ပရိသတ်များက နမောတဿသုံးကြိမ် ရွတ်ဆိုဘုရား ကန်တော့၍ အခမ်းအနားကို ဖွင့်လှစ် ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက နိုင်ငံတော်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရထံ ၄က်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်း များ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နဝင်္ဂသီလဆောက်တည်

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော်ဘဒ္ဒန္တ ကေသရထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက နဝင်္ဂသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်ချည်နှင့် ပရိတ်သဲများကို ဆရာတော်ကြီးများထံ ဆက်ကပ်ကြပြီး ဆရာတော်သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်ချည်နှင့် ပရိတ်သဲများကို သဗ္ဗညုပုထိုးတော်ကြီး ရင်ပြင်၌ ချည်နှောင်ပက်ဖျန်းကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များက ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စိန်ဖူးတော်နှင့်လှူဖွယ်ပစ္စည်းဆက်ကပ်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက နိုင်ငံတော်ဩဝါဒါစရိယ

စာမျက်နှာ ၈ ကော်လံ ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်ဩဝါဒါစရိယ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နန္ဒဝံသထံ ဆပ်သွားဖူးတော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

ရွှေကျင်နိကာယ တွဲဖက်သာသနာပိုင် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု သီရိမန္တစံကျောင်းဆရာတော် ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသထံ သဗ္ဗညုပုထိုးတော်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဓမ္မေသကသီလရှင်စာသင်တိုက် ပဓာန နာယကသီလရှင်အဖွားလေး ဒေါ်ဓမ္မေသီထံ ပိဋကသုံးပုံ စာအုပ်များကို လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေး ဆရာတော် ဘဒ္ဒန္တကုမာရထံ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆပ်သွားဖူးတော်ဆက်ကပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်ဩဝါဒါစရိယ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသထံ ဆပ်သွားဖူးတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိုင်ငံတော်ဩဝါဒါစရိယ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒိဝံသထံ ရွှေထီးတော်၏ ကောဒသမဘုံဆင့်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊တိုင်းမှူးနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

သီလရှင်ဝတ်စုံလှူဒါန်း

ထို့အတူ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ဇနီးများက သီလရှင်များအား သီလရှင်ဝတ်စုံ လှူဖွယ်ပစ္စည်းများကို လှူဒါန်းကြသည်။

ဗုဒ္ဓါဘိသေက အနေကဇာတင်

သဗ္ဗညုပုထိုးတော်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနားတွင် ဆရာတော် သံဃာတော်များ ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြစဉ်။ (သတင်းစဉ်)

ရေစက်ချတရားချီးမြှင့်

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရက အနုမောဒနာတရားနှင့် ရေစက်ချတရားဟောကြားချီးမြှင့်တော်မူရာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ကုသိုလ်ပုညများအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ပထမပိုင်း ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ဆည်းပူးခြင်း အစီအစဉ်ကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို သဗ္ဗညုပုထိုးတော်ကြီး အထွတ်တွင် တင်လှူပူဇော်ပြီး နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်စဉ်။ (သတင်းစဉ်)

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းဖြစ်သည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဆပ်သွားဖူးတော်နှင့် ရွှေထီးတော်ဘုံဆင့်များကို သဗ္ဗညု ပုထိုးတော်ကြီးအတွင်းမှ ရွှေထီးတော်တင်လှူမည့် မဟာမင်္ဂလာမဏ္ဍပ်သို့ ပင့်ဆောင်ခြင်းအစီအစဉ်ကို ကျင်းပရာ ဒေဝါဝင်း၊ရာဇာဝင်းခင်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သဗ္ဗညုပုထိုးတော်ကြီးတွင် တင်လှူပူဇော်မည့်စိန်ဖူးတော်ကိုလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ငှက်မြတ်နားတော်ကိုလည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဆပ်သွားဖူးတော်ကိုလည်းကောင်း၊ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ရွှေထီးတော်၏ ကောဒသမဘုံဆင့်ကိုလည်းကောင်း၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ရွှေထီးတော်ဘုံဆင့်များကိုလည်းကောင်း အသီးသီးပင့်ဆောင်ကြပြီး သဗ္ဗညုပုထိုးတော်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်ပတ်ပူဇော်ကြကာ ရွှေထီးတော်တင်လှူမည့်မဟာမင်္ဂလာမဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။

သဗ္ဗညု ပုထိုးတော်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ခံစဉ် နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေက ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန မင်္ဂလာစည်တော်အဖွဲ့နှင့် တွဲဖက်၍ စည်တော်သံဓမ္မပူဇာတေးဖြင့် သီကျူးပူဇော်သည်။

ယင်းသို့အပူဇော်ခံစဉ်တွင် သဗ္ဗညုပုထိုးတော်ကြီးပတ်လည်၌ နေရာယူထားသော ဘာသာရေးအသင်းအဖွဲ့များ၊လူမှုရေးအသင်းအဖွဲ့များနှင့်ပြည်သူများကလည်း သဗ္ဗညုပုထိုးတော်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဆပ်သွားဖူးတော်နှင့် ရွှေထီးတော် ဘုံဆင့်များကို သဒ္ဓါကြည်ညိုစွာဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် သဗ္ဗညုပုထိုးတော်ကြီး ရွှေထီးတော်တင်လှူပူဇော်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်း သာသနာရေးဦးစီးမှူး ဦးစံသင်းလှိုင်က မင်္ဂလာအခါတော်ပေး အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ရေးဦးစွာ အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာသည်။

နံ့သာရည်များပက်ဖျန်းပူဇော်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် သဗ္ဗညုပုထိုးတော်ကြီးတွင် တင်လှူပူဇော်မည့် ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ဆပ်သွားဖူးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ပြီး ရောင်တော်ဖွင့်ပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်ဇနီး၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သဗ္ဗညုပုထိုးတော်ကြီးတွင် တင်လှူပူဇော်မည့် ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ဆပ်သွားဖူးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း သဗ္ဗညုပုထိုးတော်ကြီးအထွတ်တွင် တင်လှူပူဇော်မည့် ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ဆပ်သွားဖူးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။ (သတင်းစဉ်)



နံ့သာရည်များပက်ဖျန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး သဗ္ဗညုပုထိုးတော်ကြီးတွင် တင်လှူပူဇော်မည့် ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ဆပ်သွားဖူးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်စဉ်။ (သတင်းစဉ်)

လက်ယာရစ်တစ်ပတ်ပူဇော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး သဗ္ဗညုပုထိုးတော်ကြီးတွင် တင်လှူပူဇော်မည့် ငှက်မြတ်နားတော်ကိုပင့်ဆောင်လျက် သဗ္ဗညုပုထိုးတော်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်ပတ်ပူဇော်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း သဗ္ဗညုပုထိုးတော်ကြီးတွင် တင်လှူပူဇော်မည့် ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ဆပ်သွားဖူးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်စဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်ဇနီး၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီးနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များက ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ဆပ်သွားဖူးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကိုနံ့သာရည်များဖြင့်ပက်ဖျန်းပူဇော်ပြီး ရောင်တော်ဖွင့်ပူဇော်ကြသည်။

ထိုအချိန်တွင် အခမ်းအနားမှူး ရန်ကုန်တိုင်း သာသနာရေးဦးစီးမှူး ဦးစံသင်းလှိုင်က မေတ္တာပို့ ဆုတောင်းဂါထာများကို ရွတ်ဆိုပူဇော်သည်။

ပင့်ဆောင်ပူဇော်

မင်္ဂလာအချိန်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး၊နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ အလှူရှင်များက ရွှေထီးတော်ကြီး၏ ပထမဘုံဆင့်ကို တီးကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့၏ မင်္ဂလာရထားပျံဖြင့် သဗ္ဗညုပုထိုးတော်ကြီး၏ အထွတ်သို့ ပင့်ဆောင်ပူဇော်ကြသည်။

ထိုအချိန်တွင် မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး အတွင်းရေးမှူး ဦးအောင်တင်ဝင်း ရေးစပ်သီကုံးသော မင်္ဂလာကေပိုဒ်ရတုကို ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်းနှင့်သား မင်းသားအောင်ကိုဝင်းတို့က အနုပညာဦးစီးဌာန နိုင်ငံတော်ဆိုင်းအဖွဲ့ဖြင့် တွဲဖက်သီဆိုတီးမှုတ်ပူဇော်ကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီးနှင့် ပရိသတ်များက ရွှေထီးတော်ဘုံဆင့်များ၊ ဆပ်သွားဖူးတော်၊ငှက်မြတ်နားတော်နှင့်စိန်ဖူးတော်တို့ကို မင်္ဂလာရထားပျံဖြင့် သဗ္ဗညုပုထိုးတော်ကြီး၏အထွတ်သို့ပင့်ဆောင်ပူဇော်ကြသည်။

သီကျူးတီးမှုတ်

ထိုကဲ့သို့ မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်ပူဇော်နေစဉ်တွင် တီး=နိ အနုပညာရှင်များနှင့် အနုပညာဦးစီးဌာနတို့မှ အနုပညာရှင်များက နိုင်ငံတော် မင်္ဂလာဆိုင်းအဖွဲ့၊ မင်္ဂလာစည်တော်အဖွဲ့၊ မင်္ဂလာစောင်းအဖွဲ့တို့ဖြင့် တွဲဖက်လျက် ဓမ္မပူဇာတေးများ၊ စည်တော်သံနှင့် ကေပိုဒ်ရတုတို့ကို သီကျူးတီးမှုတ် ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ဆပ်သွားဖူးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို သဗ္ဗညုပုထိုးတော်ကြီး၏ အထွတ်တွင် တင်လှူပူဇော်ပြီး စိန်ဖူးတော်၌ ဌာပနာတော်များကို ထည့်သွင်းပူဇော်ကာ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဆပ်သွားဖူးတော်နှင့် ရွှေထီးတော်တို့ကို နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်သည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဆပ်သွားဖူးတော်နှင့် ရွှေထီးတော် ဘုံအဆင့်များကို နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်သည်။

ဆုတောင်းမေတ္တာ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံပြည်သူများနှင့် လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့အား ဆုတောင်းမေတ္တာပို့သပြီး ပရိသတ်များက 'ဇယန္တော ဗောဓိယာ မူလေ' အစချီသော အောင်ဂါထာများကို သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် သဗ္ဗညုပုထိုးတော်ကြီး ရွှေထီးတော်တင်လှူပူဇော်ပွဲ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ရတနာရွှေမိုးငွေမိုးရွာသွန်း

ယင်းနောက် သဗ္ဗညုပုထိုးတော်ကြီး ရွှေထီးတော်တင်လှူ ပူဇော်ပွဲ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတို့က ရတနာ ရွှေမိုး ငွေမိုးရွာသွန်းဖြိုးပေးကြသည်။

ထို့အတူ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကလည်း ရတနာ ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။

အနေကဇာတင်တော်မူ

ဆက်လက်၍ တတိယပိုင်းအစီအစဉ်ဖြစ်သည့် ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနားကို သဗ္ဗညုပုထိုးတော်ကြီး၏ တတိယထပ် ဂန္ဓကုဋိတိုက်အတွင်း၌ ကျင်းပရာ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဆရာတော်ဘဒ္ဒန္တဒေါက်တာဉာဏိဿရနှင့် ဆရာတော် သံဃာတော်များက သဗ္ဗညုပုထိုးတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရွှေထီးတော်တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သဗ္ဗညုပုထိုးတော်ကြီးအထွတ်တွင် တင်လှူပူဇော်မည့် ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ဆပ်သွားဖူးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့အား အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။ (သတင်းစဉ်)

ကမ္ဘာ့ ဆန်ဖူလုံရေးနှင့် နည်းပညာတိုးတက်မှုကဏ္ဍ

အောင်စည်ဟိန်း

၂၀၀၃ခုနှစ် ဇူလိုင်လ ၁၁ရက်နေ့က ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ **'ကမ္ဘာ့လူဦးရေနေ့'** အခမ်းအနားတစ်ရပ် ကျင်းပခဲ့သည်။ အခမ်းအနားတွင် ဖြန့်ဝေသည့် သတင်းလွှာအရ ကမ္ဘာ့လူဦးရေသည် သန်းပေါင်း ၆၃၀၀မျှရှိပြီဖြစ်ကြောင်း သိရသည်။ လူဦးရေတိုးလာသည်နှင့်အမျှ စားနပ်ရိက္ခာကလည်း လုံလောက်ဖို့လိုမည်ဟု ကျွန်တော့်စိတ်မှာ တွေးလိုက်မိသည်။

၁၉၇၄ခုနှစ်ကရိုမေးနီးယားနိုင်ငံ ဘူခါရက်စ်မြို့တော်တွင် **'ကမ္ဘာ့လူဦးရေနှစ်'** အခမ်းအနားကျင်းပခဲ့ဖူးသည်။ ယင်းအခမ်းအနားသို့ ကုလသမဂ္ဂအဖွဲ့ဝင် ၁၄၉နိုင်ငံ တက်ရောက်ခဲ့သည်။ ယင်းအခမ်းအနားတွင် လူဦးရေနှင့် ရိက္ခာပြဿနာကို အဓိကထားဆွေးနွေးခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စုက လူဦးရေကိစ္စနှင့်ပတ်သက်၍ တင်ပြရာတွင် လူဦးရေမထိန်းချုပ်နိုင်လျှင် ရိက္ခာအခက်အခဲရှိမည်ဖြစ်ကြောင်း၊ အိမ်ထောင်စုတစ်ခုတွင် သားသမီးနှစ်ယောက်ထက် မပိုသင့်ကြောင်း ပါရှိသည်။ တရုတ်နိုင်ငံကမူ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူဦးရေကန့်သတ်ဖို့မလိုဘဲ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့သာလိုကြောင်း၊ ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ သွေးစုပ်ခြယ်လှယ်မှုသည် နိုင်ငံငယ်များ ဆင်းရဲရခြင်း၏ အကြောင်းခံဖြစ်ကြောင်း၊ ထို့ကြောင့် လူဦးရေကိစ္စမှာ နိုင်ငံတစ်ခုချင်း၏ အရေးကိစ္စသာဖြစ်ကြောင်း တင်ပြဆွေးနွေးခဲ့သည်။ မှန်ပါသည်၊ လူအင်အားစီမံကိန်းသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၊ ကာကွယ်ရေး၊ ပညာရေးစသည့် စီမံကိန်းများနှင့် တိုက်ရိုက်ဆက်စပ်နေသော အခြေခံစီမံကိန်းတစ်ခုဖြစ်သဖြင့် နိုင်ငံတစ်ခုချင်း၏ အရေးကိစ္စသာဖြစ်သည်။

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီးကမူ ချမ်းသာပြီး လူနေမှုအဆင့်မြင့်သည့် နိုင်ငံများတွင် လူဦးရေကျဆင်းပြီး ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုနိမ့်ကျဆဲနိုင်ငံများတွင် လူဦးရေတိုးတက်နေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လက်ရှိလူဦးရေတိုးနှုန်း ပျမ်းမျှ ၁ ဒသမ ၃ ရာခိုင်နှုန်းမှ ၂၀၁၀ ပြည့်နှစ်တွင် ၁ဒသမ ၂၊ ၂၀၂၀ပြည့်နှစ်တွင် ၁ ရာခိုင်နှုန်း၊ ၂၀၃၀ပြည့်နှစ်တွင် ၀ ဒသမ ၇၊ ၂၀၄၀ ပြည့်နှစ်တွင် ၀ ဒသမ ၆၊ ၂၀၅၀ ပြည့်နှစ်တွင် ၀ဒသမ၄ စသည်ဖြင့် တဖြည်းဖြည်း ကျဆင်းသွားနိုင်ကြောင်း တွက်ချက်တင်ပြထားသည်။

စားနပ်ရိက္ခာအနက် ဆန်သည် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ခန့်က စားသုံးသောရိက္ခာဖြစ်သဖြင့် ဆန်စပါးထုတ်လုပ်မှုကို လေ့လာကြည့်ရာ လွန်ခဲ့သော နှစ်ငါးဆယ်ဖြစ်သည့် ၁၉၅၃ခုနှစ်က ကမ္ဘာ့စပါးစိုက်ဧရိယာမှာ ဟက်တာ ၁၀၉ သန်းကျော်သာ ရှိခဲ့ရာမှ ၂၀၀၀ပြည့်နှစ်တွင် ဟက်တာ ၁၅၄သန်းခန့်အထိ တိုးတက်ခဲ့ကြောင်း တွေ့ရသည်။ စပါးအထွက်နှုန်းမှာလည်း ၁၉၅၃ခုနှစ်က တစ်ဟက်တာလျှင် ပျမ်းမျှ ၁ ဒသမ ၈၂ တန်သာ ထွက်ရှိခဲ့ရာမှ ၂၀၀၀ပြည့်နှစ်တွင် ပျမ်းမျှ ၃ဒသမ ၈၉ တန်အထိ တိုးတက်ခဲ့ကြောင်း တွေ့ရှိရသည်။ ၂၀၀၀ပြည့်နှစ် တစ်ဟက်တာ စပါးအထွက်နှုန်းတွင် အထူးအထွက်နှုန်းရရှိကြသည့်နိုင်ငံအချို့ကို တင်ပြရလျှင် ဩစတြေးလျက ၉ဒသမ ၆၆ တန်၊ အီဂျစ်က ၉ဒသမ၀၉တန်၊ အမေရိကန်က ၇ ဒသမ ၀၄ တန်၊ ဂျပန်က ၆ဒသမ ၇၀ တန်၊ တောင်ကိုရီးယားက ၆ဒသမ ၅၉တန်နှင့် တရုတ်က ၆ဒသမ၂၃ တန်ဖြစ်ကြသည်။ ယခုအခါ ကမ္ဘာ့စိုက်ပျိုးရေး သုတေသနပညာရှင်များက တစ်ကြိမ်စိုက်လျှင် တစ်ဟက်တာမှာ စပါး၁၀တန်ကျော်အထွက်နှုန်းရအောင် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

လယ်ယာစိုက်ပျိုးရေးတွင် စက်မှုနှင့် စိုက်ပျိုးရေးပညာရှင်များ၏ ကြိုးပမ်းအားထုတ်ခဲ့မှုများသည် ချီးကျူးဖွယ်ဖြစ်သည်။ လူတို့စပါးစိုက်ပျိုးတတ်လာသည့် နှစ်ပေါင်း တစ်သောင်းကျော်ကာလအတွင်း မိသားစုဝမ်းစာဖူလုံရေးကို ဦးစွာလုပ်ဆောင်ခဲ့ကြပြီး နောက်ပိုင်းတွင် ကြွေးဆပ်ခြင်း၊ လုပ်ခရယူခြင်း၊ လယ်ငှားခရယူခြင်းကိစ္စများတွင်ပါ စပါးကို သုံးခဲ့ကြသည်။ ပင်လယ်ရေကြောင်းသင်္ဘောလမ်း ပွင့်လာသည့်အခါ ဆန်စပါးကုန်ကူးမှု အတွေ့အကြုံရင့်ကျက်လာကြသည်။ ရှေးခေတ်က ဥရောပနိုင်ငံအချို့တွင် ဆန်ကိုစားဖို့မဟုတ်ဘဲ ချည်ထည်များ ကော်တင်ရန်အတွက် ဝယ်ယူခဲ့ဖူးကြောင်း သိရသည်။

ရှေးခေတ်က ဆန်စပါးမလုံလောက်မှုကြောင့် လူတို့အစုလိုက်၊ အပြုံလိုက် အငတ်ဘေးဒုက္ခမျိုးစုံကြုံခဲ့ရပုံ၊ အကျင့်စာရိတ္တပျက်ပြားခဲ့ရပုံ၊ တရားဥပဒေကို မစောင့်ထိန်းနိုင်အောင်ဖြစ်ခဲ့ကြပုံ၊ ရိက္ခာပြတ်လပ်သဖြင့် မြက်ပင်ကို စားခဲ့ကြရပုံ စသည့်ဖြစ်စဉ်များမှာ ကမ္ဘာ့ဒေသအများအပြားတွင် ဘိုးဘေးဘီဘင်တို့ပြောခဲ့၊ ရေးမှတ်ခဲ့သည်များရှိခဲ့သည်။ ယခုခေတ်တွင်လည်း ငတ်မွတ်သေကျေမှု အနည်းနှင့်အများဆိုသလို ကမ္ဘာ့ဒေသအချို့တွင် ရှိနေမည်သာဖြစ်သည်။

ဆန်စပါးနှင့် ပတ်သက်သည့် ခါးသီးသော အတွေ့အကြုံများအရ ငတ်မွတ်ခေါင်းပါးမှု ဘေးဒုက္ခမှကျော်လွှားနိုင်အောင် ပညာရှင်များဘက်ကလည်း အံ့မခန်းကြိုးပမ်းခဲ့သည်ကို တွေ့နိုင်သည်။ ပြင်သစ်ပညာရှင်ကြီး ပါမင်တီးယား (Parmentier)ဆိုလျှင် အငတ်ဘေးကြုံရချိန်မျိုးတွင် အာလူးအပါအဝင် စားသုံးနိုင်သည့် အသီးအပင်များကို စူးစမ်းရှာဖွေ ဖော်ထုတ်ပေးနိုင်ခဲ့သည်။ စက်မှုတော်လှန်ရေးကြောင့် အမေရိကနှင့် ဥရောပတို့တွင် ၂၀ရာစု အဦးပိုင်းမှစ၍ ထွန်စက်အပါအဝင် စက်မှုနည်းနာများ အရှိန်အဟုန်ရခဲ့သည်။ ၁၉၃၀ပြည့်နှစ်တွင်မူ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများပေါ်ခဲ့သည်။ ၁၉၆၀ပြည့်နှစ်တွင် သီးနှံပင်ဆိုင်ရာ မျိုးရိုးဗီဇပညာရှင်များ ပေါ်ခဲ့ပြီးနောက် **'မြစိမ်းရောင်တော်လှန်ရေး** (Green Revolution)'ခေါ် သမားရိုးကျ စိုက်ပျိုးထုတ်လုပ်စနစ်မှ စက်မှုသိပ္ပံနည်းပညာအခြေခံ စိုက်ပျိုးထုတ်လုပ်စနစ်သို့ ကူးပြောင်းနိုင်ခဲ့သည်။ ၁၉၆၆ခုနှစ်ကို **'အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ်'** (International Rice Year)'ဟု ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီးက သတ်မှတ်ပြီး မြစိမ်းရောင်တော်လှန်ရေး လုပ်ငန်းစဉ်များ ချမှတ်တိုက်တွန်းခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် ဇီဝဓာတုနည်းပညာဖြင့် သီးနှံအထွက်နှုန်း တိုးစေပြီး ရောဂါပိုးမွှားဒဏ်ခံနိုင်သော စပ်မျိုး (Hybrid Seeds)များ ထုတ်လုပ်နိုင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင်မူ ပုံတူမျိုးပွားနည်းပညာရပ် (Cloning of Plants)ပေါ်ခဲ့ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများ၌ စမ်းသပ်အောင်မြင်ခဲ့ကြောင်း၊ ယင်းနည်းပညာဖြင့် စပါးကို စိုက်ပျိုးချိန်မှ ဈေးကွက်ရောက်သည်အထိ စီးပွား ဖြစ် စီမံဆောင်ရွက်နိုင်ကြောင်း သိရသည်။

ဤသို့ဖြင့် ၁၉၉၀ ပြည့်နှစ်တွင် ကမ္ဘာ့တစ်ဝန်း ခေတ်မီနိုင်ငံများ၌ မျိုးဗီဇ အသွင်ပြောင်းသီးနှံစိုက်ပျိုးရေးစနစ်များ ထွန်းကားလာခဲ့သလို အရည်အသွေးထိန်းသိမ်းရေးနှင့် အတွေ့အကြုံနည်းပညာ လိုအပ်ချက်အရ စိုက်ပျိုးထုတ်လုပ်သူ လုပ်ငန်းရှင်များနှင့် အလုပ်သမားမိသားစုများ အကျိုးတူပူးပေါင်းပိုင်ဆိုင်မှု (Corporate Ownership)စနစ်မျိုးလည်း ပေါ်ထွက်ခဲ့သည်။ ထို့အပြင် 'နှစ်ဆတိုး မြစိမ်းရောင်တော်လှန်ရေး(Doubly Green Revolution)' ဟူသော အမြင်သစ်များလည်း ပေါ်ထွက်ခဲ့သည်။ နှစ်ဆတိုးမြစိမ်းရောင်တော်လှန်ရေးသမားများ၏ အဆိုအရ တိုးပွားနေသော ကမ္ဘာ့လူဦးရေ အတွက် လိုအပ်မည့် ကောက်ပဲသီးနှံပြည့်မီရေးတွင် စိုက်ပျိုးမြေ တိုးချဲ့ခြင်း၊ ဆည်မြောင်းများ တိုးချဲ့ခြင်းစသည့် သမားရိုးကျနည်းနာများဖြင့် လိုက်မမီနိုင်တော့ကြောင်း၊ ဇီဝနည်းပညာဖြင့် အပင်နှင့် တိရစ္ဆာန်တို့၏ အရည်အသွေးနှင့် အရေအတွက်ကို လျင်မြန်စွာ တိုးတက်ပြောင်းလဲစေသည့် နည်းလမ်းသည်သာ မှန်ကန်သောဖြေရှင်းနည်းဖြစ်ကြောင်း သိရသည်။

ဆန်စပါးထုတ်လုပ်မှုကိုကြည့်လျှင် ၂၀၀၀ပြည့်နှစ် စာရင်းအရ ကမ္ဘာ့စပါးထုတ်လုပ်မှု မက်ထရစ်တန် ၅၉၈ ဒသမ ၈၅၂သန်းရှိသည်။ အာရှတိုက်မှ တန် ၅၄၅ဒသမ ၄၇၇သန်း ထုတ်လုပ်ခဲ့ပြီး လက်တင်အမေရိကတိုက်မှ တန် ၂၂ဒသမ ၉၉သန်း၊ အာဖရိကတိုက်မှ တန် ၁၇ဒသမ ၁၉သန်း၊ ဥရောပတိုက်မှတန် ၃ဒသမ ၁၀၃သန်း၊ အမေရိကန်ပြည်ထောင်စုမှ တန် ၈ ဒသမ ၆၆၉သန်း ဩစတြေးလျတိုက်မှ တန် ၁ဒသမ ၄သန်း အသီးသီးထုတ်လုပ်ခဲ့သည်။

ဆန်တင်ပို့ရောင်းချရာ၌ ထိုင်းကတန် ၆ဒသမ ၁၄သန်း၊ ဗီယက်နမ်က တန် ၃ဒသမ ၄၄၇သန်း၊ တရုတ်ကတန် ၃ဒသမ ၀၇၁သန်း၊ အမေရိကန်ပြည်ထောင်စုက တန်၂ဒသမ၇၃၆သန်း၊ ပါကစ္စတန်ကတန် ၂ဒသမ ၀၁၆သန်း၊ အိန္ဒိယက တန်၁ဒသမ ၅၃၃သန်းဖြင့် ထိပ်ပိုင်းမှာရှိနေကြသည်။ တစ်ကမ္ဘာလုံး ဆန်တင်ပို့မှု ပမာဏမှာ တန်ချိန် ၂၃ဒသမ ၄၂၈သန်းဖြစ်သည်။

အာရှနိုင်ငံများထဲမှ ဆန်တင်သွင်းမှုအခြေအနေကိုလည်း ယခုလိုတွေ့ရသည်။ အင်ဒိုနီးရှားက တန်ချိန် ၁၃၅၅၀၀၀၊ ဘင်္ဂလားဒေ့ရှ်က တန် ၅၀၂၀၀၀၊ မလေးရှားက တန် ၆၁၂၀၀၀၊ ဂျပန်က တန် ၆၅၆၀၀၀၊ ဖိလစ်ပိုင်က တန်၆၄၂၀၀၀၊ မြောက်ကိုရီးယားက တန်၄၀၀၀၀၀၊ တောင်ကိုရီးယားက တန် ၁၇၂၀၀၀၊ နီပေါက တန် ၁၉၅၀၀၀၊ သီရိလင်္ကာက တန် ၂၀၆၀၀၀၊ ကမ္ဘောဒီးယားက တန် ၃၆၀၀၀၊ လာအိုက တန် ၁၀၀၀၀၊ ဘူတန်က တန် ၁၀၀၀၀ အသီးသီး တင်သွင်းကြသည်။ တစ်ကမ္ဘာလုံး ဆန်တင်သွင်းမှု ပမာဏမှာ တန်ချိန် ၂၁ဒသမ ၇၈၈သန်းဖြစ်သည်။

၁၉၉၉ခုနှစ် ကမ္ဘာ့ဆန်စားသုံးမှုစာရင်းကိုကြည့်ရာ လူတစ်ဦးတစ်နှစ်ပျမ်းမျှ ၅၈ကီလိုဖြစ်သည်။ ဆန်ကို အဓိကစားသုံးသည့် အာရှနိုင်ငံများ၏ ဆန်စားနှုန်းကို ဖော်ပြရလျှင် မြန်မာတစ်ဦး တစ်နှစ် ၂၁၁ကီလို၊ လာအို ၁၇၁ကီလို၊ ဗီယက်နမ် ၁၆၉ကီလို၊ ဘင်္ဂလားဒေ့ရှ် ၁၆၈ကီလို၊ ကမ္ဘောဒီးယား ၁၆၅ကီလို၊ အင်ဒိုနီးရှား ၁၅၄ကီလို၊ ထိုင်း ၁၀၁ကီလို၊ ဖိလစ်ပိုင် ကီလို၁၀၀၊ တောင်ကိုရီးယား ၉၄ကီလို၊ တရုတ်ကီလို ၉၀၊ မြောက်ကိုရီးယား ၇၅ကီလို၊ အိန္ဒိယ ၇၄ကီလို၊ ဂျပန် ကီလို၆၀၊ ပါကစ္စတန် ၁၅ကီလို အသီးသီး စားသုံးကြသည်။

အချုပ်အားဖြင့် နှစ်ဆယ့်တစ်ရာစုတွင် ကမ္ဘာ့လူဦးရေထက်ဝက်ခန့်အတွက် ဆန်သည်မရှိမဖြစ်လိုအပ်နေမည်သာဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း လူဦးရေသည် တိုးမြဲတိုးနေမည်သာဖြစ်သည်။

ကမ္ဘာ့စပါးအထွက်၏ ၉၀ရာခိုင်နှုန်းကို ထုတ်လုပ်နေသည့် အာရှနိုင်ငံများထဲတွင်ပင် တစ်နှစ်ထက်တစ်နှစ် ဆန်လိုအပ်မှုမြင့်တက်နေဖွယ်ရှိသည်။ ကမ္ဘာ့ဆန်ဖူလုံရေး တာဝန်သည် ဆန်စပါးထုတ်လုပ်သည့်၊ အထူးသဖြင့် ပိုလျှံစပါးများ ထုတ်ရောင်းနိုင်သည့် နိုင်ငံတိုင်းတွင် တာဝန်ရှိသည်ဟု ဆိုနိုင်သည်။ ယင်းနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း အပါအဝင်ဖြစ်ရာ စပါးစိုက်ပျိုးရေး နိုင်ငံတိုင်း၏ တာဝန်ဖြစ်သည့် စိုက်ပျိုးမြေနှင့် ရေအရင်းအမြစ် တိုးချဲ့ထူထောင်ခြင်း၊ အထူးပြုနည်းပညာဖြင့်**'နှစ်ဆတိုး မြစိမ်းရောင် တော်လှန်ရေး'** ဆိုင်ရာ လုပ်ငန်းစဉ်များ ချမှတ်အကောင်ထည်ဖော်ခြင်းနှင့် ကမ္ဘာ့ဆန်ဖူလုံရေး သန္နိဋ္ဌာန် စိတ်ထားရှိခြင်းတို့သည် **'ဆန်ပြဿနာ'**ကို အကောင်းဆုံး ဖြေရှင်းနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း တင်ပြအပ်ပါသည်။ ။

အရှေ့အာရှနှင့် ပစိဖိတ်မိသားစုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးမှ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၃

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ တွင် ဧပြီ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပသည့် အရှေ့အာရှနှင့် ပစိဖိတ်မိသားစုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး(East-Asia-Pacific Ministerial Forum on Families) သို့ တက်ရောက်ခဲ့သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် အဖွဲ့သည် ယမန်နေ့ညနေ ၆ နာရီ မိနစ်၅၀က လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်အား ပြည်သူ့အင်အား ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးတင်ရီ၊ မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း၊ လူမှုဝန်ထမ်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဘိုးသန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီးနှင့် အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော ပြည်သူ့အင်အား ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးအောင်နှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိန်းတို့လည်း ပြန်လည် လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်းစိန်မြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၂၇)တွင် ၂၀၀၃-၂၀၀၄ခုနှစ် ပညာသင်နှစ်အတွက် မူလတန်းဆင့်သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲကို ဧပြီ၂၆ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးစန်းက စတုတ္ထတန်းမှ မခိုင်စုဝေအား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (က-ပ)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခု နွေရာသီတွင် ရာသီဥတု ပူပြင်းလျက်ရှိသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် (၁၀)နာရီမှ ညနေ (၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်း ရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်ကို သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကိုပြုလုပ်ပါ၊
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းလောင်းကြသူများစည်ကား မြို့တော်တစ်ခွင်ရှိ ဘုရားကျောင်းကန်များ၌ တရားဘာဝနာပွဲများ

ရန်ကုန် မေ ၃

ယနေ့သည် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏ ၁၃၆၆ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဖြစ်သည်။ ရာသီအားဖြင့် ပြိဿရာသီ၊ စန်းယှဉ်ရာနက္ခတ်မှာ ဝိသာခါယှဉ်သောတာရာမှာ တံငါတာရာ၊ ရာသီရုပ်မှာ နွားလားရုပ်ဖြစ်ပြီး ရာသီပွဲတော်မှာ ကဆုန်ညောင်ရေသွန်းပွဲတော်ဖြစ်သည်။

ဤကဆုန်လ၏ လပြည့်အခါ သမယတွင် ဂေါတမဘုရားအလောင်းသည် ဒီပင်္ကရာမြတ်စွာဘုရားထံမှ ဘုရားစင်စစ် ဧကန်ဖြစ်ရမည်ဟု နိယတဗျာဒိတ်တော်ရခြင်း၊ ဂေါတမဘုရားလောင်းလျာဖွားမြင်တော်မူခြင်း၊ ဖွားဖက်တော်ခုနစ်ပါးတွင် တစ်ပါးအပါအဝင် ဗောဓိညောင်ပင်(ညောင်ဗုဒ္ဓေဟ)ပေါက်ရောက်ခြင်း၊ ပရိနိဗ္ဗာန်စံဝင်တော်မူခြင်းတို့နှင့် တိုက်ဆိုင် ကြုံကြိုက်သော နေ့ထူး ရက်မြတ် လမြတ်တစ်လဖြစ်သည်။

ပရိဘောဂစေတီထိုက်

အလားတူ ဗောဓိညောင်ပင်သည် ဖွားဖက်တော်စာရင်း၌ပါဝင်ခြင်း၊ မြတ်ဗုဒ္ဓသည် ဗောဓိညောင်ပင်ရင်း၌ ဘုရားရှင်အဖြစ်သို့ရောက်ခြင်း၊ ဗောဓိညောင်ပင်ရင်း၌ပင် မာရ်ငါးပါးကိုအောင်မြင်တော်မူခြင်း၊ မြတ်စွာဘုရားဒေသစာရီ ကြွချီတော်မူသည့်အခါ ဇေတဝန်ကျောင်း၌ ပူဇော်စရာမရှိဖြစ်သဖြင့် အရှင်အာနန္ဒာ၏ လျှောက်ထားချက်ကြောင့် ဘုရားရှင်က ဘုရားရှင်ကိုယ်စား မဟာဗောဓိပင်အားပူဇော်ခွင့်ပြုခြင်းတို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် ဗောဓိညောင်ပင်အား ပရိဘောဂစေတီအဖြစ် ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းလောင်း ပူဇော်ခြင်းပြုကြသည်။

ရွှေတိဂုံစေတီတော်

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ (၂၁)ကြိမ်မြောက် မဟာဗောဓိကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲအခမ်းအနားကို နံနက် ၆ နာရီခွဲတွင် ရွှေတိဂုံစေတီတော်ရင်ပြင်တော် အင်္ဂါထောင့်ရှိ မဟာဗောဓိညောင်ပင်ပရဝဏ်၌ ကျင်းပသည်။

ဆက်လက်၍ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များက ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ဗိုလ်တထောင်စေတီ

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီ၏ ကဆုန်ညောင်ရေသွန်းပွဲတော်ကို စေတီတော်ရင်ပြင်တနင်္ဂနွေထောင့်ရှိ နန်းဦးဘုရားကြီးတန်ဆောင်း၌ ကျင်းပရာ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်းနှင့်ဇနီး၊ ဂေါပကအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့နောက် ဗောဓိညောင်ပင်၌ ဆရာတော်သံဃာတော်အရှင်သူမြတ်များက "မဟာဗောဓိဥဒါနသိဒ္ဓိ" ပါဠိတော်များကို ရွတ်ဖတ်ပူဇော်ကြပြီး ဆရာတော်သံဃာတော်အရှင်သူမြတ်များက ကြီးမှူးကာ ပရိသတ်များက ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။ နံနက်ပိုင်းမှညပိုင်းအထိ ဗိုလ်တထောင်စေတီတော်၌ ညောင်ရေသွန်းလောင်းကြသူများ၊ ဘုရားဖူးလာသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ကမ္ဘာအေးစေတီ

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ညောင်ရေသွန်းမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၇နာရီတွင် စေတီတော်အင်္ဂါထောင့်ရှိ မဟာဗောဓိပင်၌ ကျင်းပရာ နံနက်ပိုင်းမှစ၍ ဘုရားဖူးလာကြသူများ၊ ညောင်ရေသွန်းလောင်းကြသူများဖြင့် စည်ကားလျက်ရှိသည်။

ကဆုန်လပြည့်နေ့က ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ မဟာဗောဓိပင်၌ ပြည်သူများ ကဆုန်ညောင်ရေသွန်းလောင်းကြစဉ်။ (မြန်မာ့အလင်း)

စွယ်တော်မြတ်စေတီ

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေတွင် တည်ထားကိုးကွယ်တော်မူသော ပရဒါဌာဓာတုစေတိယစွယ်တော်မြတ် စေတီတော် (ရန်ကုန်)၏ ဆဌမအကြိမ်ညောင်ရေသွန်းပွဲတော်အခမ်းအနားကို ဂေါပကအဖွဲ့က ကြီးမှူး၍ နံနက် ၉ နာရီတွင် စွယ်တော်မြတ်စေတီတော် တောင်ဘက်ရှိ မဟာဗောဓိပင်၌ကျင်းပသည်။

ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်ရှေ့ မြက်ခင်းဥယျာဉ်အတွင်းရှိ မဟာဗောဓိပင်တော်အား သီရိသုဓမ္မသိင်္ဂီ ဒေါ်တင်တင်ဝေနှင့် ရွှေမြင်တင် ဦးညိုတို့ ဦးဆောင်သောဘုရားဖူးပြည်သူများ ကဆုန်လပြည့်နေ့က ညောင်ရေသွန်းလောင်းနေကြစဉ်။ (က-ပ)

ဆူးလေစေတီတော်

ဆူးလေစေတီတော်၏ ကဆုန်လပြည့်(ဗုဒ္ဓနေ့)ညောင်ရေသွန်းပွဲတော်အခမ်းအနားကို နံနက် ၉ နာရီတွင် စေတီတော်ရင်ပြင်၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များနှင့် ဒါယကာ ပရိသတ်များ တက်ရောက်ကြသည်။

ထို့နောက် သိမ်ကြီးဈေး မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်မှ ဆရာတော် သံဃာတော် အရှင်သူမြတ်များက ဗောဓိညောင်ပင်ရေသွန်းလောင်းသည့် ဂါထာများကို ရွတ်ဆိုပူဇော်ကြပြီး ဆရာတော် သံဃာတော်များက မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကာ အခမ်းအနားကို ဖွင့်လှစ်သည်။

မဟာဝိဇယစေတီတော်

မဟာဝိဇယစေတီတော်၏ (၁၈)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားကို နံနက် ၈ နာရီတွင် အဆိုပါစေတီတော် အင်္ဂါထောင့်ရှိ မဟာဗောဓိပင်ပရဝဏ်၌ ကျင်းပသည်။

ဆက်လက်၍ မဟာဗောဓိပင်၏ အရပ်မျက်နှာအသီးသီး၌ နေရာယူထားကြသော နတ်၊ ဗြဟ္မာ၊ သိကြား၊ နတ်နှင့်နဂါး၊ ဂဠုန်တို့က ဇယောဟိဗုဒ္ဓဿဂါထာကို ရွတ်ဆိုကြပြီး သတ်မှတ်ထားသည့် အစီအစဉ်အတိုင်း မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အခမ်းအနားအပြီးတွင် ဘာသာရေးအသင်းအဖွဲ့များနှင့် ဘုရားဖူးပြည်သူများက မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ရွှေဘုန်းပွင့်စေတီ

ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်၏ ညောင်ရေသွန်းလောင်းပူဇော်ပွဲကို နံနက်ပိုင်းမှစတင်ကျင်းပရာ အရုဏ်တက်ချိန်တွင် မြတ်စွာဘုရားရုပ်ပွားဆင်းတုတော်များအား ဆရာတော် သံဃာတော် အရှင်သူမြတ်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဘာသာရေးအသင်းအဖွဲ့ဝင်များသည် စေတီတော်အား လက်ယာရစ်တစ်ပတ်လှည့်လည်ပူဇော်၍ စေတီတော်မြတ်ကြီး အရှေ့တောင်ထောင့်ရှိ မဟာဗောဓိညောင်ပင်အား အမွှေးနံ့သာ၊ ပန်းသပြေနှင့် ညောင်ရေ သွန်းလောင်းကာ ရွှေဘုန်းပွင့်စေတီတော် ကဆုန်လပြည့်ညောင်ရေသွန်းလောင်းပွဲတော်ကို ဖွင့်လှစ်ပေးသည်။

ဘုရားဖူးလာညောင်ရေသွန်းလောင်းပူဇော်သူများ အဆင်ပြေလွယ်ကူစွာ ညောင်ရေသွန်းလောင်းနိုင်ရန် အဖွဲ့ ၁၁ဖွဲ့တို့က အမွှေးနံ့သာရည်အိုးနှင့် သပြေပန်းများကို အသင့်ထားရှိပြီး ညောင်ရေသွန်းလောင်း ပူဇော်မှုပြုနိုင်ရန် ဆောင်ရွက်ပေးကြသည်။

မြန်မာနိုင်ငံ ဗုဒ္ဓဂယာသာသနာပြုအဖွဲ့ချုပ်၏ (၂၄)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲ အခမ်းအနားကို နံနက် ၈နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၌ ကျင်းပသည်။

ထို့နောက်ဒေဝါဝင်းခင်းကာဗောဓိညောင်ပင်အား အခမ်းအနား တက်ရောက်လာကြသူများကညောင်ရေသွန်းလောင်းပူဇော်ကြသည်။ **(သတင်းစဉ်)**

မောင်တော်လာမှ ပိတောက်ပွင့်

* လာချိန်တန်လျှင်၊ လာမည်ပင်ဟု
ရင်တွင်ထင်ထား မျှော်မိငြားလည်း
ခုများမလာ၊ ဘယ်ဆီမှာလျှင်
ရှောင်ခွာတိမ်းလျက်၊ သူနေရက်ကြောင့်
အခက်ရယ်ပွေ၊ ငိုချင်လေပြီ
နွေတစ်ရာကဲ ရင်ပူဆဲ။

* လာနိုးငယ်မျှော်၊ မေ့မောင်တော်ကို
တောင်ပေါ်တိမ်ရိပ်၊ တလိမ့်လိမ့်ဆင်
လာနိုးသွင်ကြောင့်၊ ရွှေရင်လှုပ်ခတ်
မနေတတ်အောင်၊ မျှော်မိယောင်လည်း
မောင်တော်မိုးမှာ၊ ပေါ်မလာမို့
ဖြေရာမရှိ၊ နွမ်းလျဘိ

* အခုမှတော့၊ လာမချော့နှင့်
မလျှော့နိုင်ဘူး၊ မပျော့ဘူးဟု
ချစ်မူးစိတ်တွင်၊ မျက်မာန်ဝင်လည်း
ရင်ထဲမှာတော့၊ သူလာချော့လျှင်
ပျော့လိုက်ချင်ဟု၊ ရွှေရင်စကား
ဆိုပြီးသား။

* မောင်တော်လာနိုး၊ တိတ်တခိုးနှင့်
မျှော်ကိုးစိတ်ဝင်၊ ပိတောက်ခင်ကို
ငိုချင်လက်တို့၊ မှိုင်းရိပ်ညို့အောင်
ငိုဖို့ရည်ရွယ်၊ သူကျီစယ်ထင့်
အိုဘယ် မောင်တော် ရောက်ချိန်သင့်
ပိတောက်ဖူးခင် ပွင့်ချိန်လင့်
မောင်တော်လာမှ၊ ပိတောက်ပွင့်။ ။

(ကဆုန်မိုးကို မျှော်ကိုးလျက်)

ရန်နိုင်ဦး

ကဆုန်လပြည့်နေ့က အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်၌ တတိယအကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပွဲကျင်းပရာ မဟာဗောဓိပင်၌ ဘုရားဖူးများက ကဆုန်ညောင်ရေသွန်းလောင်း၍ ကုသိုလ်ယူနေကြစဉ်။ (မြန်မာ့အလင်း)

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ကဆုန်ညောင်ရေသွန်းပွဲတော်ကျင်းပ

ရန်ကုန် မေ ၃

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာတွင် ကဆုန်လပြည့် (တနင်္လာနေ့) တွင် ညောင်ရေသွန်းပွဲတော် မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် မဟာစည်ဓမ္မာရုံကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

မင်္ဂလာအခမ်းအနားကို ဥက္ကဋ္ဌ ဦးကျော်ထွန်းက နမောတဿ သုံးကြိမ်ရွတ်ဆိုကာ ဖွင့်လှစ်ပြီး ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တ ကဝိဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အရှင်မြတ်က ညောင်ရေသွန်းတရားတော်ကို အကျယ်တဝင့်ဟောကြားတော်မူသည်။ ထို့နောက် ဆွမ်းအလှူရှင် ဦးထွန်းရင်ဦး-ဒေါ်စိန်ခိုင်မိသားစု စသော အလှူရှင်အမည်များကို ဒေါက်တာတင်ခိုင်မြင့်က ဖတ်ကြားကြေညာပြီး ဂုဏ်ပြုလွှာချီးမြှင့်သည်။

ဆက်လက်၍ ဆရာတော်အမှူးပြုသော သံဃာတော်များ၊ ယောဂီညှော့ ပရိသတ်များက ယဿမုလေ နိသိန္နော ယော အစချီသော ညောင်ရေသွန်းဂါထာတော်များ၊ ဗောဓိရုက္ခဂီတိ ရှစ်လုံးဘွဲ့ကဗျာများ ရွတ်ဆို၍ ကျောင်းပရဝဏ်အတွင်းရှိ ဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်းကြသည်။ **(ဝဲပုံ)**

(မြန်မာ့အလင်း)

မေ ၃ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး ဒေါ်မြမြစန်း သီလရှင်များအား သီလရှင်ဝတ်စုံနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းစဉ်။

(သတင်း-ရွှေဖုံး) (သတင်းစဉ်)

မေ ၃ ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ သီလရှင်များအား သီလရှင်ဝတ်စုံများနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းစဉ်။ (သတင်း-ရွှေဖုံး)

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

ရေစင်သွန်းဖျန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရာဇဂုဟာသိရီပစ္စယဂဇရာဇာရတနာဆင်ဖြူတော်၊ သီဂိမာလာ ရတနာဆင်ဖြူတော်နှင့် ရတီမာလာ ရတနာဆင်ဖြူတော်တို့အား မင်္ဂလာနံ့သာရေစင် သွန်းဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရတနာဆင်ဖြူတော်များအား အစာအာဟာရများကို ကျွေးမွေးသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် လေးပြင်လေးရပ်မှ သူကြွယ်ဇနီးမောင်နှံများဖြစ်ကြသည့် အဂ္ဂမဟာသိရိသုဓမ္မမဏိဇောတဓရ ဦးမောင်မောင်နှင့်ဇနီးဒေါ်ခင်လေးရီ၊ သီရိသုဓမ္မမဏိဇောတဓရ ဦးဉာဏ်လွင်နှင့်ဇနီးဒေါ်ဌေးဌေး၊ သီရိသုဓမ္မမဏိဇောတဓရ သမားတော်ဦးဘိုကြီးနှင့် ဇနီးဒေါ်သန်းသန်း၊ သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်နှင့်ဇနီး သီရိသုဓမ္မသင်္ဂီဒေါ်ကြည်ကြည်ဆွေ၊ သီဟသုဓမ္မ မဏိဇောတဓရ ဦးချူသန်းနှင့် ဇနီးဒေါ်ဝင်းကြည်၊ သီဟသုဓမ္မမဏိဇောတဓရ ဦးသိုင်းဝင်းနှင့်ဇနီး သီဟသုဓမ္မသင်္ဂီဒေါ်ဌေးဌေးညွန့်နှင့် သုဓမ္မမဏိဇောတဓရ ဦးဇေယျသူရမွန်နှင့်ဇနီးဒေါ်ခိုင်ခိုင်မြင့်တို့က ရတနာဆင်ဖြူတော်များအတွက် ရိက္ခာတော်အသပြာငွေကျပ်ငါးသိန်းစီကိုသစ်တောဦးစီးဌာနညွှန်ကြားရေးမှူး ဦးမြင့်ဆွေထံ လက်ဖွဲ့ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တီးကြားဦးသန်းလှက အောင်ဇေယျတု ဂါထာကို ရွတ်ဆိုပြီး တီးကြားအဖွဲ့က မင်္ဂလာငွေခရုသုံးကြိမ် မှုတ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှေမိုးငွေမိုး

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မင်္ဂလာရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၄-၅-၂၀၀၄
(အင်္ဂါနေ့)
နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကတောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၆။	ကဗျာပန်းဥယျာဉ်
၈:၀၅	၇။	အကပြိုင်ပွဲ
၈:၁၀	၈။	နှောင်းခေတ်တေးပဒေသာ
၈:၂၀	၉။	လမူးတံတား
၈:၃၀	၁၀။	International News
၈:၄၅	၁၁။	Grammar made Easy

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) (သတ္တဗေဒ)
၁၇:၁၅	၆။	တိုင်းရင်းသားရိုးရာအက
၁၇:၃၀	၇။	တေးဂီတအစီအစဉ်
၁၇:၄၀	၈။	ခံစားနားဆင် တေးဓာတ်ဝင်
၁၇:၅၀	၉။	ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၃၀	၁၀။	ညနေခင်းသတင်း
၁၉:၀၀	၁၁။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၂။	တေးဂီတအစီအစဉ်
၁၉:၂၀	၁၃။	သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၁၉:၃၅	၁၄။	ကြေးမုံရိပ်သွင် တေးနယဉ်
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"**(အပိုင်း-၃၀)

မြဝတီရုပ်မြင်သံကြား

၄-၅-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၆။	ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၄:၅၀	၇။	မျိုးချစ်တပ်မတော်
၅:၀၀	၈။	အဝေးသင်ပညာရေးပို့ချမှု Structure of Markets (စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ)
၅:၃၀	၉။	စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅:၄၅	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	မိုးလေဝသသတင်း
၆:၂၅	၁၄။	မြန်မာ့ရှုခင်း
၆:၃၀	၁၅။	လျှပ်တစ်ပြက်
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဝင်းပပလှသူလေးရယ်"** (အပိုင်း-၆)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	လျှပ်တစ်ပြက်
	၂၀။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း-၁၃)

ဟာသဂျာနယ် အတွဲ(၂)၊ အမှတ်(၃၉)ဖြန့်ချိ

ရန်ကုန် မေ ၃

ရွှေမင်းသား၏ ကာတွန်းမျက်နှာဖုံးနှင့် တစ်ခေတ်တစ်ခါက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်များမှ ရယ်စရာအဖြစ်များကို ဟာသအမြင်ဖြင့် ပုံရိပ်ထင်ခဲ့ကြသောကာတွန်းဆရာကြီး ဦးဘဂျမ်း၊ ဦးဟိန်စွန်း၊ ဦးဖေသိန်းတို့အပါအဝင် ကာတွန်းဆရာကြီးငယ်တို့၏ ကာတွန်းလက်ရာများအား ပြန်လည်တင်ပြထားသည့် ကာတွန်းမြင့်စိုးလေး၏ ကာတွန်းကော်နာနှင့်အတူ ဆရာသာဂဒိုး၊ မြေဇာ၊ သန်လျင်မောင်မောင်ဦး၊ တွတ်တွတ်၊ သုဝဏ္ဏကျော်စိန်၊ နန္ဒာစိုး၊ ဆြာကြီးထိန်၊ ဆြာဘွား၊ ဝေါကီတော်ကီ၊ ခိုင်သန့်ကျော်၊ သာဂရဇော်ရင်၊ တနိုင်ခ၊ လေရှူးဦးမြင့်ဆွေ(မိုးကုတ်)၊ ကျော်ဇောဟိန်း(ဒေါပုံ)တို့၏ ဟာသအတွေးအရေး၊ ရုပ်ရှင်သဘင်များဖြင့် ဟာသဂျာနယ်အတွဲ(၂)၊ အမှတ်(၃၉)ကို ဝါမိုးအောင်စာပေ အမှတ် ၅၂၉၊ ကုန်သည်လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။ **(က-ပ)**

ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ သဘာဝဓာတ်ငွေ့ ပိုက်လိုင်းအသစ်ဆက်သွယ်ပြီးစီးမှုကြည့်ရှု ရန်ကုန်ဒေသစက်ရုံ၊ အလုပ်ရုံများအပြင်အခြားဒေသများသို့ ပိုမိုပို့လွှတ်နိုင်မည်

ရန်ကုန် မေ ၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ပင်မသဘာဝဓာတ်ငွေ့ထိန်းဖြန့်စခန်း (ရွာမ)သို့ရောက်ရှိပြီး ညောင်တုန်း-ရွာမ ၁၄ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအသစ် အောင်မြင်စွာဆက်သွယ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)

ဝန်ကြီးအား ပိုက်လိုင်းဆက်သွယ်ရေးလုပ်ငန်းခွင်တွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ညွှန်ကြားရေးမှူး (အင်ဂျင်နီယာလုပ်ငန်း)၊ ညွှန်ကြားရေးမှူး (ထုတ်လုပ်ရေး)နှင့် တာဝန်ရှိသူတို့က ပိုက်လိုင်းဆက်သွယ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက တိုးတက်ရရှိလာတော့မည့် သဘာဝဓာတ်ငွေ့များကို ဓာတ်အားပေးစက်ရုံများ၊ ရန်ကုန်ဒေသစက်ရုံများအပြင် အခြားဒေသများသို့ပါ ဖြန့်ခွဲပို့လွှတ်နိုင်ရေးတို့အတွက် ဆောင်ရွက်ရမည့် အစီအမံများကို ချမှတ်ပေးသည်။

ဆက်လက်၍ ဝန်ကြီးက ညောင်တုန်း-ရွာမ ၃၅ မိုင်အရှည်ရှိ ပိုက်လိုင်းကို ဆက်သွယ်ပြီးစီး၍ ပင်မသဘာဝဓာတ်ငွေ့ ထိန်းဖြန့်စခန်းအတွင်းသို့ လိုင်းပေါင်းဆက်သွယ်စဉ် ကာလအတွင်းတွင်လည်း သဘာဝဓာတ်ငွေ့လျှပ်စစ်ဓာတ်အား ပေးစက်ရုံများသို့ ဓာတ်ငွေ့ပို့လွှတ်မှုကို များစွာမထိခိုက်အောင် ထိန်းသိမ်းဆောင်ရွက်ခဲ့သကဲ့သို့ သတ်မှတ်ရက်ထက်စော၍ ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် မေ ၂ ရက် ညနေပိုင်းမှစတင်၍ ဓာတ်အားပေး စက်ရုံများ၊ စက်ရုံ၊ အလုပ်ရုံများသို့ ပုံမှန်ပြန်လည် ပို့လွှတ်နိုင်ခဲ့ခြင်းတို့အတွက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ပိုက်လိုင်း ဆက်သွယ်ရေးဝန်ထမ်းများအား ချီးကျူးအားပေးစကား ပြောကြားသည်။

ယခုကဲ့သို့ ၁၄လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအသစ် ထပ်မံဆက်သွယ်နိုင်သဖြင့် ညောင်တုန်းဒေသမှ တိုးတက်ထွက်ရှိနေသော သဘာဝဓာတ်ငွေ့များကို ရန်ကုန်ဒေသ စက်ရုံ၊ အလုပ်ရုံများအပြင် အခြားဒေသများသို့ပါ ပိုမိုပို့လွှတ်နိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးခြားသည့်နေ့အပူချိန်များ
(၃-၅-၂၀၀၄)

မကွေးမြို့	၄၄	ဒီဂရီစင်တီဂရိတ် (၁၁၁ ဒသမ ၂ ဒီဂရီဖာရင်ဟိုက်)
မုံရွာမြို့	၄၄	ဒီဂရီစင်တီဂရိတ် (၁၁၁ ဒသမ ၂ ဒီဂရီဖာရင်ဟိုက်)
ချောက်မြို့	၄၃	ဒီဂရီစင်တီဂရိတ် (၁၀၉ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်)
မင်းဘူးမြို့	၄၃	ဒီဂရီစင်တီဂရိတ် (၁၀၉ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်)
ညောင်ဦးမြို့	၄၃	ဒီဂရီစင်တီဂရိတ် (၁၀၉ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်)
ရန်ကုန်မြို့	၄၀	ဒသမ၈ဒီဂရီစင်တီဂရိတ် (၁၀၄ ဒီဂရီဖာရင်ဟိုက်)

အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာ
အမျိုးသားပညာရည်မြင့်မားရေးအထူးလေးနှစ်စီမံကိန်းပြပွဲ
စိန်ရတုခန်းမ၊ ၂၀၀၄ ခုနှစ်၊ မေလ (၄-၇)ရက်

❒ ကျောဖုံးမှ

သတင်းလေးက တိုတိုလေးပင်ဖြစ်သည်။ သို့သော်ဆုံးရှုံးမှုက အဆမတန်ကြီးမားလှသည်။ မတ်လတစ်လတည်းမှာပင် မီးလောင်မှု ၁၅၇ကြိမ်ဖြစ်ပွားခဲ့ပြီး ဇ၄ဒသမ ၇၂သန်းခန့် ဆုံးရှုံးခဲ့လျှင် တစ်နှစ်အတွင်း မည်မျှဆုံးရှုံးနိုင်ကြောင်း ခန့်မှန်းကြည့်က သိနိုင်သည်။

"မီးဆိုတာ လောင်ခါစမှာ ရေတစ်ပုံး၊ သဲတစ်ကော်၊ မီးသတ်ဆေးဘူးတစ်ဘူးလောက်နဲ့ ဦးအောင်ငြိမ်းသတ်နိုင်ရင် နိုင်ပါတယ်။ မီးသတ်ပစ္စည်းလည်း ဘာမှမရှိ၊ ဗဟုသုတလည်း မရှိလို့ ထပြေးမယ်၊ ဒါမှမဟုတ် ဒီအတိုင်းကြောင်တောင် ထိုင်ကြည့်နေမယ်ဆိုရင် မီးက သေးရာကကြီးသွားရော၊ မီးကြီးလို့ မနိုင်ရင် နီးစပ်ရာ မီးသတ်တပ်ဖွဲ့ကို အမြန်ဆုံး အကြောင်းကြားပါ။ မြင်သာတဲ့နေရာမှာ မီးသတ်တပ်ဖွဲ့ဖုန်းနံပါတ်တွေ ရေးထားပါလို့ အကြံပေးချင်ပါတယ်။"

ဦးမြသိန်း(ညွှန်ကြားရေးမှူး)
ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာန

ဝမ်းနည်းစရာကောင်း

မီးကြောင့် ဆုံးရှုံးမှုတန်ဖိုးကားကုဋေပေါင်းများစွာ၊ သန်းထောင်ပေါင်းများစွာချီကာ ဆုံးရှုံးနစ်နာပေလိမ့်မည်။ တစ်ဦးတစ်ယောက်ကြောင့်၊ တစ်စုံတစ်ရာသော ပေါ့ဆမှုကြောင့် ဆုံးရှုံးနစ်နာရမှုကား ကြီးမားများပြားလွန်းလှသည်။ လူတို့ကြိုးစားပမ်းစားတည်ဆောက်ယူခဲ့ရသောကာယ၊ ဉာဏ၊ ဝီရိယစွမ်းအားများ၊ အချိန်နှင့် ငွေကြေးအရင်းအနှီးများ၊ အသက် အိုးအိမ်စည်းစိမ်များ အလဟဿ ဆုံးရှုံးရသည်။ ဝမ်းနည်းစရာကောင်းလှသည်။

ပြူသူခက်၏။ ဖျက်သူလွယ်၏

လောကတွင် ပြုသူခက်၏။ ဖျက်သူလွယ်၏ ဟူသော စကားရှိသည်။ ခေတ်မီအဆောက်အအုံတစ်ခု၊ တံတားတစ်စင်း၊ ဆည်တမံတစ်ခုဖြစ်ရန် အချိန်ယူရသည်။ ငွေအား၊ လူအားရင်းနှီးမြှုပ်နှံရသည်။ ယခုဆောက်ယခုဖြစ်သည်မဟုတ်။ သို့သော် ဖျက်ဆီးလိုလျှင်၊ ပျက်စီးစေလိုလျှင်ကား ခဏသာ ကြာသည်။ ချက်ချင်းပျက်စီးလွယ်သည်။

ကြိုးစားသလောက်ခရီးမပေါက်

ယခုကဲ့သို့ ခေတ်မီနိုင်ငံတော်တည်ဆောက်နေချိန်မျိုးတွင် နည်းနည်းမှ အဆုံးရှုံး၊ အနစ်နာမခံနိုင်။ ရှေ့က ဆောက်သူကဆောက်၊ ပြုသူကပြုနေသလောက် နောက်က ပေါ့ဆမှုကြောင့် ယခုလိုပျက်စီးဆုံးရှုံးနေမည်ဆိုလျှင် ကြိုးစားသလောက် ခရီးမပေါက်နိုင်။

စိန်ခေါ်မှုကိုရင်ဆိုင်

တန်ဖိုးကြီးခေတ်မီအဆောက်အအုံတစ်ခုမီးလောင်လျှင်ပင် ဆုံးရှုံးမှုက များပြားသည်။ ခေတ်မီတိုးတက်သည်နှင့်အမျှ ဆုံးရှုံးမှုကလည်း ကြီးမားလှသည်။ မီးငြိမ်းသတ်ရာတွင်လည်း ယခင်ကလို မီးလောင်လျှင် ရေနှင့်ပက်ပြီး ငြိမ်းသတ်ရုံဖြင့် မလုံလောက်တော့။ ခေတ်မီတိုးတက်သည်နှင့်အမျှ မီးသတ်အတတ်ပညာနှင့် မီးသတ် ပစ္စည်းကိရိယာများလည်း ဆန်းပြားတိုးတက်လာရသည်။ မီးသတ်အတတ်ပညာသည် ခေတ်၏စိန်ခေါ်မှုကို ရင်ဆိုင်နေရသည်။

ယခင်က လောင်စာဆို၍ ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ လေယာဉ်ဆီလောက်ပဲရှိသည်။ ယခုမူ ဟက်ထရိုလီယံဂက်စ်၊ ပလတ်စတစ်စသည့် လောင်စာအသစ်အဆန်းများ အများအပြားပေါ်ပေါက်လာသည်။ လောင်စာအသစ်အဆန်းများ မီးစွဲလောင်လျှင် မီးငြိမ်းသတ်ရန် ခက်သည်။ အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းများ၊ အခိုးအငွေ့များ ထုတ်ပေးသဖြင့် မီးသတ်သမားများအတွက် အန္တရာယ်ရှိလာသည်။

အသက်ကယ်ပညာတတ်ကျွမ်း

အထပ်မြင့်အဆောက်အအုံများ မီးလောင်လျှင် ခေတ်မီ မီးသတ်ပစ္စည်းများ လိုအပ်လာသည်။ ခေတ်မီမီးသတ်ပစ္စည်းသုံးစွဲနိုင်မှ ထိရောက်စွာ မီးငြိမ်းသတ်နိုင်မည်ဖြစ်သည်။ အဆောင်အခန်းများပြားသော တိုက်တန်းလျားများ မီးစွဲလောင်လျှင်လည်း အလုံပိတ်အခန်း၊ အမှောင်ခန်းများဝင်ကယ်ရန် အသက်ရှူကိရိယာကဲ့သို့ ခေတ်မီပစ္စည်းများသုံးစွဲနိုင်မှ အချိန်မီကယ်ဆယ်နိုင်မည်။ အကျဉ်းအကျပ်ပိတ်မိနေသူများကို ကယ်ဆယ်ရန် အသက်ကယ်ပညာရပ်များ တတ်ကျွမ်းရန်လိုသည်။

မီးသတိ၊ မီးအသိအစဉ်ရှိ

မီးငြိမ်းသတ်နည်းနှင့် အသက်ကယ် ပညာရပ်များကို ပြည်ပနိုင်ငံများသို့ စေလွှတ်ပြီး သင်တန်းများ၊ Work Shop များ တက်ရောက်စေကာ ပြည်တွင်းရှိ တပ်ဖွဲ့ဝင်များနှင့် အသင်းအဖွဲ့အစည်းများအား ဆင့်ပွားပြန်လည်ပို့ချပေးရုံဖြင့် မလုံလောက်တော့။ လုပ်ငန်းရှင်များနှင့် တိုင်းရင်းသားပြည်သူများအားလုံး မီးသတိ၊ မီးအသိအစဉ်အမြဲရှိနေရန် လိုသည်။

မပြုမိကြ။ လူခိုးလျှင်အစုတ်ကျန် မီးခိုးလျှင် အပြုတ်နှံဟူသော ဆောင်ပုဒ်ကို ကြားဖူးသိဖူးနေသော်လည်း အပြုတ်နှံကာမှန်ရော အဟုတ်တကယ်လိုက်နာရန် ဝန်လေးတတ်ကြသည်။

ဆယ်ရာခိုင်နှုန်းအသုံးပြု

မိမိနေအိမ်၊ တိုက်တာများကို နေချင့်စဖွယ်အမျိုးမျိုး တန်ဆာဆင်ခြယ်သ ဆောက်လုပ်ကြသော်လည်း မီးဘေးကြိုတင်ကာကွယ်ရေး စနစ်ထားရန် မေ့နေတတ်ကြသည်။ မီးသတ်ဆေးဘူးလေး ဆောင်ထားရန်ကိုပင် သတိမရတတ်ကြပေ။ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများရှိ အလုပ်ရုံစက်ရုံ၊ တိုက်တာအဆောက်အအုံများမှာ ဆောက်ကတည်းက တန်ဖိုးဆယ်ရာခိုင်နှုန်းကို မီးဘေးလုံခြုံရေးအတွက် အသုံးပြုကြသည်။

အများအားဖြင့် ပေါ့ဆမှုကြောင့် မီးလောင်ရခြင်းဖြစ်သည်။ တောမီး၊ ရှို့မီး၊ လျှပ်စစ်မီးစသည်ဖြင့် မီးတကာ့မီးတို့တွင် ပေါ့ဆမီးသည် အကြိမ်အများဆုံးဖြစ်သည်။

နောင်မှရသော နောင်တ

မီးကိုလူကလုပ်သဖြင့် အများအားဖြင့် အလေးမထားတတ်ကြ။ ကြိုတင်

"မီးဘေးကြိုတင်ကာကွယ်ရေးနဲ့ မီးငြိမ်းသတ်ရေးလုပ်ငန်းတွေမှာ မီးသတ်တပ်ဖွဲ့ဝင်များနဲ့ အတူ ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအသိစိတ်ဓာတ်အပြည့်နဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြဖို့ ပြောကြားလိုပါတယ်။"

ဦးဇော်ဝင်း(ညွှန်ကြားရေးမှူး)
မီးသတ်ဦးစီးဌာန

ယခုအခါ ခေတ်မီအဆောက်အအုံကြီးများနှင့် စက်ရုံ၊ အလုပ်ရုံကြီးများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစနစ်များ၊ အစီအမံများ ပြုလုပ်လာကြသော်လည်း တစ်နိုင်ငံလုံး အတိုင်းအတာနှင့်စာလျှင် အားနည်းနေသေးသည်။

ကာကွယ်မှု၏ အနှစ်သာရကို လက်တွေ့ကျင့်သုံးသူ နည်းသည်။ တကယ်တမ်း ဘေးဒုက္ခအန္တရာယ်နှင့် တွေ့ကြုံလာမှ ကြိုတင်မကာကွယ်မိလေခြင်းဟူ၍ နောင်တရတတ်ကြသည်။ နောင်မှရသော နောင်တသည် အကျိုးမရှိ၊ အချည်းနှီးသာဖြစ်သည်။

မီးခိုးလျှင်အပြုတ်နှံ

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာဗဟုသုတနည်းပါးသူများမှာ ပစ္စည်းဥစ္စာ ရှာဖွေစုဆောင်းရန်သာ အလေးမူပြီး ရှာဖွေစုဆောင်းထားသော ပစ္စည်းဥစ္စာများ မီးဘေးလုံခြုံရေးကာကွယ်ရန် သတိ

မီးမကြီးသင့်ဘဲကြီး

မီးဟူသည်မှာ စတင်လောင်ကျွမ်းစတွင် သေးသေးသာဖြစ်သည်။ အချိန်မီမငြိမ်းသတ်နိုင်မှ တဖြည်းဖြည်းကြီးလာခြင်းဖြစ်သည်။ လောင်ကျွမ်းစတွင် မီးသတိ၊ မီးအသိရှိရှိကာကွယ်ရေးပစ္စည်းအသင့်ဖြင့် ငြိမ်းသတ်လျှင် မီးကိုမနိုင်စရာ မရှိ။ သို့သော် မီးသတိ၊ မီးအသိနည်းပါးမှုကြောင့် မီးလောင်သည်နှင့် အလန့်တကြား နည်းမမှန်လမ်းမမှန်ငြိမ်းသတ်မှုကြောင့်သာ မီးမကြီးသင့်ဘဲ ကြီးပြီး မီးလောင်ရခြင်းဖြစ်သည်။

လူတိုင်းလူတိုင်း မီးဘေးကြိုတင်ကာကွယ်၊ ငြိမ်းသတ်နိုင်ရန် သန္ဓေ

"မီးသတ်လုပ်ငန်းထဲမှာစည်းရုံးရေးစွမ်းရည်ဆိုတာ ရှိတယ်။ ပြည်သူတွေ ပါဝင်လာအောင် စည်းရုံးရတဲ့လုပ်ငန်းဖြစ်ပါတယ်။ ကာကွယ်ရေးနဲ့ ငြိမ်းသတ်ရေးကို ပြည်သူတွေကိုယ်တိုင် နားလည်လာရင် မီးလောင်ဆုံးရှုံးမှုတွေ အများကြီး လျော့ကျသွားနိုင်ပါတယ်။"

ဦးကြည်ဝင်း
(လက်ထောက်ညွှန်ကြားရေးမှူး လေ့ကျင့်ရေးနှင့်သုတေသနဌာနစု)

တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ပြည်သူများအကြား မီးသတ်ပညာပြန့်ပွားရေး များများဖြန့်ဖြူးပေးနိုင်လေ ကောင်းလေဖြစ်သည်။

သက်သေပြ

၁၉၄၆ခုနှစ် မေ ၅ရက်က စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့သည် ယခုအခါ ၅၈နှစ် တင်းတင်းပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သန္ဓေမီးသတ်နှင့် အရန်မီးသတ်တပ်ဖွဲ့အပါအဝင် မီးသတ်တပ်ဖွဲ့ဝင်ပေါင်း ယခုအခါ နှစ်သိန်းကျော်ရှိလာပြီ ဖြစ်သော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြည့်လျှင် အင်အားနည်းပါးနေသေးကြောင်း ဖြစ်ပွားနေသော မီးလောင်မှုများက သက်သေပြနေသည်။

နိုင်ငံတော်အား မီးဘေးအန္တရာယ်မှ ကင်းဝေးစေရမည်ဟူသော ဆောင်ပုဒ်အတိုင်း အောင်မြင်စေလိုလျှင်–

(၁) မီးလောင်ဆုံးရှုံးရခြင်းများကို သာမန်သဘောမျိုး၊ လူ့အဖွဲ့အစည်းအတွင်း ဖြစ်တတ်ပျက်တတ်သော အဖြစ်အပျက်တစ်ရပ်ဟု မမှတ်ယူဘဲ နိုင်ငံတော်နှင့် ပြည်သူတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက်သည့် ရန်သူ၊ ခေတ်အဆက်ဆက်က တည်ဆောက်ထားခဲ့သည့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုစသည့် နယ်ပယ်အသီးသီးကို ဖျက်ဆီးသည့်ရန်သူဟု သတ်မှတ်ပြီး မီးအန္တရာယ်ကို ကာကွယ်ရာတွင် အမျိုးသားရေးအမြင်ဖြင့် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူပြီး ကာကွယ်စောင့်ရှောက်သွားရန်၊

(၂) တစ်ယောက်အားဖြင့် မစွမ်းသာ၊ စုပေါင်းကာကွယ်ပါ၊

(၃) မီးလောင်လျှင် ကျိတ်မသတ်ပါနှင့် နီးစပ်ရာ မီးသတ်စခန်းသို့ အကြောင်းကြားပါ

ဟူ၍ (၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

"တောမီးက စလောင်တဲ့ သန်လျင်ရေနံချက်စက်ရုံမီးကို ခက်ခက်ခဲခဲ ငြိမ်းသတ်နိုင်ခဲ့လို့ ပြည်သူတွေမီးဘေးက ကင်းဝေးခဲ့ပါတယ်။ ကျွန်တော့်ကြိုးစားမှုကို နိုင်ငံတော်က အသိအမှတ်ပြုလို့ ဂုဏ်ယူဝမ်းသာမဆုံး ဖြစ်ရပါတယ်။"

ရဲသူရိန်ဦးကျော်သူရ

မီးသတ်ရဲဘော်များ အထပ်မြင့်အဆောက်အအုံ မီးငြိမ်းသတ်ရန်အတွက် လေ့ကျင့်ခန်း ဆောင်ရွက်စဉ်။
ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

"ကျွန်းသစ်နဲ့ ပဲမျိုးစုံ တင်ဆောင်ထားတဲ့ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောမီးလောင်မှုဖြစ်ပွားစဉ်က အသက်ကို ပဓာနမထားဘဲ စွန့်စားငြိမ်းသတ်ခဲ့လို့ နိုင်ငံပိုင်သင်္ဘော မီးလောင်ဆုံးရှုံးမှုမှ ကာကွယ်နိုင်ပြီး ကုန်ပစ္စည်းတန်ဖိုး ဒေါ်လာသုံးသန်းခန့် ဆုံးရှုံးမှု သက်သာခဲ့ပါတယ်။"

ရဲသူရိန်ဦးမြသန်း

"မီးငြိမ်းသတ်လုပ်ငန်းနှင့် အသက်ကယ်ဆယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ရန် ခေတ်မီအသက်ကယ်လုပ်ငန်းသုံး ပစ္စည်းများ တီထွင်ထုတ်လုပ်သုံးစွဲလေ့ကျင့်ရပါတယ်။"

ရဲကျော်သူ၊ ရဲဗလ၊ ရဲသူရ ဦးကျော်မင်း

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ၂၀၀၄ ခုနှစ် မေလ (၁၁) ရက်မှ (၁၃) ရက် ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း ရန်ကုန်မြို့

ပြီးခဲ့သော ၂၇ ရက်က မင်္ဂလာဒုံမြို့နယ်ရှိ ကျိုက်ကလဲ့မင်းကျောင်း ပရိယတ္တိစာသင်တိုက် အဆောက်အအုံ သစ်ဆောက်လုပ်ရန်အတွက်ဆရာတော်သံဃာတော်များထံ နယူးရွှေစင် စိန် ရွှေ ရ တ နာ ဆိုင် ပိုင်ရှင် ဦးစိုးမြင့်နှင့်ဇနီး ဒေါ်ခင်လေးရီ တို့က အလှူငွေကျပ် တစ်သိန်းငါးသောင်းကို လှူဒါန်းစဉ်။ (က-ပ)

၂၀၀၄ ခုနှစ် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲ မေ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ကျင်းပမည်

ရန်ကုန် မေ ၃

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာ ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ကကြီးမှူး၍ Loi Hein Co.,Ltd.က အဓိကပံ့ပိုးမည့် '၂၀၀၄ ခုနှစ် သက်ငယ်တန်းကရာတေးဒိုပြိုင်ပွဲ'ကို မေ ၂၉ ရက် နှင့် ၃၀ ရက်တို့တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။

သက်ငယ်တန်းကရာတေးဒိုပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး အသက်(၁၅-၂၀)နှစ် အတန်းပြိုင်ပွဲ၊အမျိုးသား၊ အမျိုးသမီး အသက်(၁၅)နှစ်အောက် အတန်းပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီးအသက်(၁၂)နှစ်အောက် အတန်းပြိုင်ပွဲဟူ၍ အတန်းသုံးတန်းခွဲပြီး ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် သက်ငယ်တန်းကရာတေးဒို အားကစားမောင်မယ်များသည် မေ ၂၅ ရက် မွန်းလွဲ၂နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်(ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း)သို့ ပြိုင်ပွဲဝင်အမည်စာရင်းကို ပေးသွင်းရမည်ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ English Lecturer ကျား/မ (၂) ဦး

၂။ Computer Expert & Marketer ကျား/မ (၁) ဦး

အထက်ပါရာထူးများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူအပါအဝင် လိုအပ်သော ထောက်ခံစာများနှင့်အတူ Schiller-Edubank Business & English Institute အမှတ် ၇၀၇ (ခုနစ်လွှာ)၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၅၈၁၇၁သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။



မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ

သွားဘက်ဆိုင်ရာအထူးကုဆရာဝန်ကြီး ဒေါက်တာအောင်မြင့်-ဒေါ်ခင်စောမူ

တို့၏သားငယ်

မောင်မင်းဆွေအောင်

နှင့်

ရန်ကုန်မြို့နေ

ဦးသန်းအောင်-ဒေါ်မေစီ

တို့၏သမီးကြီး

ဒေါ်ခင်ခင်ဌေး၏သမီး တူမ

မခိုင်ဇာဇာချို

တို့၏ ၁-၅-၂၀၀၄ရက် (စနေနေ့)တွင် Dusit Inya Lake Hotel မင်္ဂလာခန်းမ၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး ဒေါ်မြမြစန်းနှင့် မိသားစုဝင်များအားလည်းကောင်း၊ အောင်မင်္ဂလာစံပယ်ပန်းကုံး၊ မင်္ဂလာရွှေဆွဲကြိုးနှင့် မင်္ဂလာရွှေလက်စွပ်များဆင်မြန်းပေးသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီနှင့်ဇနီးတို့အားလည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၏ဇနီး ဒေါ်မူမူဝင်းနှင့် မိသားစုဝင်များအားလည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့်ဇနီး ဒေါ်ခင်ဆွေမြင့်တို့အားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာလက်ဆောင်ပေးပို့ခဲ့သော ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့်ဇနီး ဒေါ်ခင်လှလှအားလည်းကောင်း၊ မော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေးအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက် ချီးမြှင့်ကြသော စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်နီးရပ်ဝေးမှ မေတ္တာဖြင့် ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော သမီးလေး နိုရင်းအားလည်းကောင်း၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးသော မအိမ့်မို့မို့ဟန်အားလည်းကောင်း၊ မင်္ဂလာဆွဲကြိုး လက်စွပ် ကိုင်ဆောင်ပေးသော မမူမူအားလည်းကောင်း၊ သတို့သားအရန် မောင်အောင်ဦးလင်းနှင့် မောင်အောင်ဖြိုးသိုက်တို့အားလည်းကောင်း၊ သတို့သမီးအရန် မဟန်သူထွန်းနှင့် မဖြိုးမို့မို့ဟန်တို့အားလည်းကောင်း၊ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဆောင်ပေးပို့ကြသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသင်မြင့်သန်း၊ မင်္ဂလာတေးဂီတဖြင့်ညှော်ခံဖျော်ဖြေပေးသော စန္ဒရားသိန်းမြင့်သန်းနှင့် တေးသံရှင်အပေါင်းတို့အားလည်းကောင်း၊ မေတ္တာဖြင့် ရတနာကိုးသွယ်တို့ကို ဆင်မြန်းပေးသော အဂ္ဂမဟာသီရိသုဓမ္မသီဂိ ဒေါ်မြင့်မြင့်ရီ (ရွှေရည်ဝင်းမိသားစု) အားလည်းကောင်း၊ အန်တီကျော့နှင့်သမီး မသီအားလည်းကောင်း၊ မိတ်ကပ်နှင့်အလှပြင် မုဏ်းကိုနှင့်အဖွဲ့အားလည်းကောင်း၊ Dusit Inya Lake Hotel MD နှင့် ဝန်ထမ်းများအားလည်းကောင်း၊ ပန်းအလှပြင်ပေးသော Eternal Flower မှ မနီလာ၊ ဗီဒီယို ဓာတ်ပုံတို့ဖြင့် မှတ်တမ်းတင်ပေးသော အကိုင်းနှင့်အဖွဲ့တို့နှင့်တကွ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မင်းဆွေအောင်-မခိုင်ဇာဇာချို။

ထိမ်းမြားလက်ထပ်ပြီးစီးခြင်းနှင့်ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)မိုင်၊ စော်ဘွားလမ်း၊ အမှတ် ၃၃(က)နေ

ဦးမောင်မောင်လွင်(အမှုဆောင်အင်ဂျင်နီယာ၊ငြိမ်း၊ လေကြောင်းဦးစီးဌာန)-ဒေါ်အမာ

တို့၏ တစ်ဦးတည်းသောသား

Capt. **ဝင်းလွင်** [Master Mariner(Australia)]

Advanced Diploma of Applied Science-Ship Master

(Australian Maritime College, Australia)

ASP Ship Management Pte Ltd., Singapore

နှင့်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အာသာဝတီလမ်း၊ အမှတ် ၁၀ နေ

ဦးထွန်းအောင်(လ/ထ ညွှန်ကြားရေးမှူး၊ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန)-ဒေါ်မြင့်မြင့်တင်

တို့၏ သမီးငယ်

မသီတာအောင် B.Sc(Hons).,M.Sc(Chem),DBA

Executive Diploma in HR Management

Human Resources Manager, Sedona Hotel Yangon

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ လက်ထပ်ပြီးစီးပါကြောင်းနှင့် ကျွန်တော် ကျွန်မတို့၏ ၂၅-၄-၂၀၀၄ ရက်တွင် Sedona Hotel Executive Lounge ၌ ကျင်းပသော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာအခမ်းအနားတွင် စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်ပေးသော တရားသူကြီးချုပ် ဦးအောင်တိုးနှင့်ဇနီး ဒေါ်အေးကြည်အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးခဲ့သော ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ အားလည်းကောင်း၊ ၂၅-၄-၂၀၀၄ ရက် Sedona Hotel Grand Ball Room တွင် ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော တရားသူကြီးချုပ် ဦးအောင်တိုးနှင့် ဇနီး ဒေါ်အေးကြည် အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် ဇနီး ဒေါ်စံယုံအား လည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြပါသော ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း(ငြိမ်း)နှင့် ဇနီး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဝင် ဦးညွန့်ဆွေနှင့် ဇနီး၊ ဆီဒိုးနားဟိုတယ်မှ General Manager Mr. Saman Sarathchandra အားလည်းကောင်း၊ အခမ်းအနားမှူး ဦးနန္ဒကျော်စွာနှင့် ဦးကျော်စိုးဦး၊ စောင်း ဒေါ်ရီရီသန့်၊ Emperor တေးဂီတအဖွဲ့၊ မိတ်ကပ်၊ဆံပင် ခင်စန်းဝင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ မမဦး၊ ဓာတ်ပုံဗီဒီယို အကိုင်းနှင့် စိုင်းဘုန်းထူး၊ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအားလည်းကောင်း၊ မေတ္တာဖြင့် ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော Sedona ဟိုတယ်မှ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်းနှင့် ၁၈-၄-၂၀၀၄ ရက်တွင် Nikko Royal Lake Hotel တွင် ကျင်းပပြုလုပ်သော စေ့စပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသော ဆွေမျိုးညှော်ပရိသတ်များအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

ဝင်းလွင်-သီတာအောင်။



ဟိန်းသန့်

ဗိုလ်လုပွဲရောက်ရေး အကြိတ်အနယ်ကစားကြဦးမည့် ချန်ပီယံလိဂ်နှင့် ယူအီးအက်ဖ်အေ အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲများ

ရန်ကုန် မေ ၃

ဥရောပအဆင့် ပြိုင်ပွဲကြီးနှစ်ခုဖြစ်သည့် ချန်ပီယံလိဂ်နှင့် ယူအီးအက်ဖ်အေဖလားပြိုင်ပွဲများ၏ စိတ်ဝင်စားဖွယ် အဆုံးအဖြတ်ပွဲများကို ကြည့်ကြရတော့မည်ဖြစ်သည်။ ပြိုင်ပွဲနှစ်ရပ်၏ အကြိုဗိုလ်လုပွဲဒုတိယအကျော့ပွဲများကို မေ ၄ရက်နှင့်၅ရက်တွင် ချန်ပီယံလိဂ်၊ မေ၆ရက်၌ ယူအီးအက်ဖ်အေ ဖလားပွဲဆိုပြီး ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ ထိုပွဲများမှာ ဗိုလ်လုပွဲရောက်မည့် အသင်းများကို အဖြေထုတ်ပေးမည်ဖြစ်ရာ ဗိုလ်လုပွဲရောက်ရေးအတွက် အသင်းတိုင်း ခြေကုန်ထုတ်ကြတော့မည်ဖြစ်သည်။ ချန်ပီယံလိဂ် ဆီမီးပွဲများအဖြစ် ဒီပို့တီဗိုနှင့်ပေါ်တို၊ ချယ်လ်ဆီးနှင့်မိုနာကိုတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး ယူအီးအက်ဖ်အေ၌ မာဆေးနှင့် နယူးကာဆယ်၊ ဗလန်စီယာနှင့် ဗီလာရီးရဲအသင်းများ ရင်ဆိုင်ပြီး ပထမအကျော့ကထက် ပိုမိုပြင်းထန်သော ယှဉ်ပြိုင်မှုများဖြင့် ပရိသတ်ကို ဖမ်းစားမည်ဖြစ်သည်။

ချန်ပီယံလိဂ်၌ ဒီပို့တီဗိုနှင့်ပေါ်တိုတို့ ပထမအကျော့က အရှုံးအနိုင် မပေါ်သေးရာ ယခု စပိန်မြေ၌ ပြန်ဆုံကြသည့်အခါ အရှုံးအနိုင်အဖြေထွက်အောင် ကစားကြရမည် ဖြစ်သကဲ့သို့ လန်ဒန်စတန်းဖို့ဒ်ဘရစ်ချ်၌ ကစားရမည့်ပွဲတွင်လည်း ပထမအကျော့က ရှုံးထားသည့် ချယ်လ်ဆီးအတွက် မိုနာကိုကို ရှုံးကြွေးပြန်ဆပ်ရန်သာမက ဗိုလ်လုပွဲရောက်ရေးအတွက် လိုအပ်သည့် ဂိုးအရေအတွက်ကိုပါ ရှာဖွေရတော့မည်ဖြစ်ရာ ချန်ပီယံလိဂ် နှစ်ပွဲစလုံးမှာ စိတ်လှုပ်ရှားစရာ ကောင်းနေသည်က အမှန်ပင်။ ထို့အတူ ယူအီးအက်ဖ်အေပွဲ၌လည်း ပထမအကျော့ နှစ်ပွဲစလုံး ဂိုးမရှိသရေကျထားကြ၍ ယခု ဒုတိယအကျော့၌ အနိုင်ကို မရရအောင် ရှာဖွေနိုင်ပါမှ ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခွင့် ရနိုင်ကြမည်ဖြစ်ရာ အနိုင်ကို မည်သည့်အသင်းက ရအောင်

ယူအီးအက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပထမအကျော့အဖြစ် နယူးကာဆယ်နှင့် မာဆေး အသင်းတို့ ယှဉ်ပြိုင်ပွဲတွင် နယူးကာဆယ်မှ ရှီလာ အမိုဘီနှင့်မာဆေးမှ မန်ဒူရယ်ဒေါ့စ်ဆန်တို့စ်တို့ ဘောလုံးယှဉ်လုစဉ်။

ရှာဖွေသွားနိုင်မည်ဆိုသည်မှာလည်း ရင်ခုန်စွာဖြင့် စောင့်ကြည့်ရဦးမည့် အနေအထားမျိုးဖြစ်၍ နေပြန်သည်။ ထို့ကြောင့်လည်း စိတ်ဝင်စားဖွယ် ဥရောပပြိုင်ပွဲနှစ်ရပ်၏ အဆုံးအဖြတ်ပွဲများကို ပူအိုက်သော 'မေ' ညများ၌ ခံစား စောင့်ကြည့်ရင်း ရင်ခုန်ကြပါဦးစို့လား။

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ(ဒုတိယအကျော့)
ဒီပို့တီဗို-ပေါ်တို (၄-၅-၂၀၀၄)ရက်

ပထမအကျော့အဖြေက ၀-၀။ ကစားထားသည်က ပေါ်တို၏ကွင်း။ သည်တော့ စပိန်မြေ၌ ပြန်ဆုံကြသည့် ယခုပွဲ၌ အိမ်ရှင်ဒီပို့တို့အတွက် သရေပင်အကျခံ၍မရတော့။ ၀-၀ သရေဆိုလျှင် အချိန်ပို၊ ပယ်နယ်တီ စသည်ဖြင့် ရှည်လျားသွားခွင့် ရှိသေးသော်လည်း ၁-၁၊ ၂-၂ သရေဆိုလျှင်တော့ ဒီပို့တို့ ချန်ပီယံလိဂ်ကို နှုတ်ဆက်လိုက်ရလိမ့်မည်။ သည်တော့ ဒီပို့အတွက် ယခုပွဲ၌ ပေါ်တိုကို တတ်နိုင်လျှင် တစ်ဂိုးမျှမပေးရအောင် ထိန်းကစားရမည့်အပြင် အနိုင်ကိုပါ ရှာဖွေရတော့မည်ဖြစ်သည်။ ဒီပို့၏ အိမ်ကွင်းရလဒ်ကတော့ ချန်ပီယံလိဂ်၌ အားရစရာ။ အိမ်ကွင်းပွဲတိုင်းနိုင် တစ်ဂိုးမှ အသွင်းမခံရ၊ အနေအထားက ဒီပို့အိမ်ကွင်း တောင့်တင်းမှုကို ပြနေသလိုရှိသည်။ သို့သော် ပေါ်တိုကလည်း သိပ်တော့မခေ။ အဝေးကွင်းရှုံးပွဲမရှိသလို အဝေးကွင်း ပွဲတိုင်း ဂိုးသွင်းနိုင်လေ့ရှိရာ ဒီပို့ကို ပြန်ခြိမ်းခြောက်နိုင်စွမ်းတော့ရှိနေသည်။ ပေါ်တို၏ ဂိုးသွင်းမှုကို သတိထားကစားရမည့်အချိန်မှ ဒီပို့၌ ကွင်းလယ်လူ မော်ရိဆီးလ်ဗားနှင့် နောက်တန်းလူ အင်ဒရာဒီတို့လို ကစားသမားများ ပါဝင်ခွင့်မရကြသည်နှင့် ကြုံနေရာ ဒီပို့ခံစစ်ကတော့ ယခုပွဲ၌ အများကြီး သတိထားရမည့်ကိန်းနှင့် ကြုံနေသည်။ ပေါ်တို၌ လူစုံတက်စုံ ကစားနိုင်မည့်အပြင် ဒဏ်ရာကြောင့် ရက်ရှည် နားနေရသူ ဒါလေပါ ပြန်ကစားခွင့်ရခဲ့ပါက ပေါ်တိုအတွက် အားတက်စရာ။ သို့ရာတွင် သည်နှစ်သင်း ယှဉ်လိုက်ပါက နည်းပြပိုင်းသာမက ကစားသမားပိုင်း၌ ပါဒီပို့က အတွေ့အကြုံ၌ အသာစီးရှိနေသည့် အပြင် ကစားရမည်ကလည်း ကိုယ့်ကွင်း၊ ကိုယ့်မြေ ဖြစ်နေပြန်ရာ ဒီပို့ကို ပေါ်တိုတို့အသာစီးဖြင့် ကစားနိုင်ရန်မှာ သိပ်မလွယ်ဟုထင်သည်။ အိမ်ကွင်းပွဲ၌ပင် ဒီပို့အား ရဲရဲတိုက်စစ်မဆင်ရဲသည့် ပေါ်တို ယခုပွဲ၌လည်း ခံစစ်ကို အားပြုပြီး တန်ပြန် တိုက်စစ်ဖြင့်သာ ဒီပို့ကို ခြိမ်းခြောက်မည့် ပုံရှိနေသည်။ ထိုသို့ဆိုလျှင် ဂိုးရဖို့ ပိုစိတ်ရှည်သော အိမ်ရှင် ဒီပို့အကြိုက် တွေ့သွားဖို့များနေသည်။ အစဉ်အလာ များအရလည်း စပိန်အသင်းများက ပေါ်တူဂီအသင်းများကို အသာစီးရလေ့ ရှိရာ ယခုပွဲ နိုင်မည့်အသင်းမှာ ဒီပို့တီဗိုဖြစ်လိမ့်မည်ဟု ခန့်မှန်းထားကြည့်ချင်မိသည်။

ချယ်လ်ဆီး-မိုနာကို
(၅-၄-၂၀၀၄)ရက်

ချယ်လ်ဆီး အနိုင်ရှာရတော့မည်။ အနိုင်မှ အနည်းဆုံး နှစ်ဂိုး သုညဖြင့် နိုင်အောင် ကစားလျှင်ကစား မဟုတ်လျှင် သုံးဂိုးပြတ်အောင် ကစားပြရတော့မည်။ သည်တော့ ယခုပွဲ၌ ချယ်လ်ဆီးတိုက်စစ်မှူးများ ခြေစွမ်းပြဖို့ လိုနေသည်။ လောလောဆယ် ယခုပွဲ၌ ချယ်လ်ဆီးတွင် ဒက်ဆယ်လီ၊ မက်ခီလီလီ၊ ဗီရွန်နှင့် ဒပ်ဖ်တို့မကစားနိုင်၍ ခံစစ်နှင့် ကွင်းလယ်ပိုင်း၌ အနည်းငယ် အားပျော့နေဖွယ်တော့ ရှိသည်။ သို့ရာတွင် ချယ်လ်ဆီးနှင့် ရင်ဆိုင်မည့် မိုနာကိုကလည်း အဝေးကွင်း သိပ်အကောင်းကြီးမဟုတ်သည့် အသင်းမျိုးဖြစ်ရာ ချယ်လ်ဆီးအတွက် အခွင့်အရေးတော့ ရှိနိုင်သည်။ အထူးသဖြင့် မိုနာကိုခံစစ်၏ အားပျော့မှု၊ အဝေးကွင်း၌ တိုက်စစ်ပိုင်း သာမန်လောက်သာရှိမှုများက ချယ်လ်ဆီးအတွက် အားတက်စရာ ကောင်းသည့်၊ မျှော်လင့်ချင်စရာ ကောင်းသည့် အနေအထားမျိုးပင် ဖြစ်သည်။ သို့သော် တစ်ဖက်က ပြန်ကြည့်လျှင် ဤနှစ်သင်းအပေါ် ကျနေသည့် ဖိအားခြင်းက မတူ။ ချယ်လ်ဆီးက ဖိအားများအောက် ပိုရောက်နေပြီး ထိုဖိအားဆိုသည့် ဝန်ထုပ်ကြီးပိကာ မိုနာကိုကို ရင်ဆိုင်ရမည်ဖြစ်ရာ ချယ်လ်ဆီးထက် ဖိအားပိုနည်းနေသည့် မိုနာကိုက ထိုအချက်ကို ဝှက်ဖဲသဖွယ် အသုံးချ ရင်ဆိုင်ခဲ့ပါက ချယ်လ်ဆီး အခက်အခဲ တွေ့မည့်ပုံ ရှိသည်။ သည်တော့ ချယ်လ်ဆီးအနေဖြင့် ယခုပွဲ၌ အရေးကြီးဆုံးမှာ ဂိုးစောစောရဖို့ ဖြစ်သည်။ ချယ်လ်ဆီးတို့ ဂိုးစောစော မရခဲ့ပါက တဖြည်းဖြည်း အချိန်ကြာလေ စိုးရိမ်စိတ် ကြီးလေဖြစ်ကာ မိုနာကို စိတ်ကြိုက် တွေ့သွားနိုင်မည့် ပွဲဖြစ်သွားလိမ့်မည်။ ခြုံငုံ စဉ်းစားရလျှင် ယခုပွဲ၌ ချယ်လ်ဆီး အနိုင်ရဖို့ များသော်လည်း ဗိုလ်လုပွဲတက်ခွင့်ရရေးမှာမူ ချယ်လ်ဆီးတို့ ဂိုးစောစောရမရ၊ ဂိုးစောစောပေးရ မပေးရအပေါ်၌ မူတည်နေလိမ့်မည်ဟု ထင်သည်။

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့အဖြစ် ချယ်လ်ဆီးနှင့် မိုနာကိုအသင်းတို့ ယှဉ်ပြိုင်ကစားရာ ချယ်လ်ဆီးအသင်းတိုက်စစ်မှူး ဟာနန်ခရက်စ်ပိုအား ဟန့်တားပြီး မိုနာကိုမှ နောက်ခံလူ ဂေးလ်ဂီဗက်က ဘောလုံးဖျက်ထုတ်စဉ်။

ယူအီးအက်ဖ်အေဖလား
မာဆေး-နယူးကာဆယ် (၆-၅-၂၀၀၄)ရက်

နှစ်သင်းစလုံး အနိုင်ကိုရှာလိမ့်မည်။ သို့သော် နယူးကာဆယ်အနေဖြင့် ၁-၁၊ ၂-၂ သရေအဖြေမျိုး ရှာခွင့်ရှိနေသည်က မာဆေးထက် အခွင့်ကောင်း ပိုရထားသလိုရှိသည်။ ပထမအကျော့၌ နှစ်သင်းစလုံး ဂိုးသွင်းခွင့်များရသော်လည်း ဂိုးများမရခဲ့။ ထို့ကြောင့် ယခုပွဲ၌ ဂိုးရဖို့ ပိုကြိုးစားကြမည့်ပုံ ရှိသည်။ အထူးသဖြင့် မာဆေးအသင်းအနေဖြင့် ယခုပွဲတွင် တိုက်စစ်ကို ပိုကစားမည့်ပုံရှိသည်။ မာလက်၊ မီဒိုတို့လည်း ဒဏ်ရာများ သက်သာလာပြီး ယခုပွဲ၌ ပြန်ကစားဖွယ်ရှိရာ ယခုပွဲ၌ ဒရော့ဘာသာမက တိုက်စစ်မှူး နောက်တစ်ဦးကိုပါ နယူးကာဆယ်တို့ ထိန်းရတော့မည့် အခြေအနေမျိုး ဖြစ်နေသည်။ နယူးကာဆယ်၌ ခက်နေသည်က ဒဏ်ရာပြဿနာဖြစ်သည်။ ဘယ်လာမီ၊ ဂျီးနတ်စ်၊ ဒိုင်ယာ၊ ဝုဒ်ဂိတ်တို့ ဒဏ်ရာကိုယ်စီရထားကြရာ နယူးကာဆယ်အတွက် အတော်လေးအားပျော့နေနိုင်သည်က အမှန်ပင် ဖြစ်သည်။ ပိုဆိုးသည်က ဝုဒ်ဂိတ် မကစားနိုင်ခြင်းဖြစ်သည်။ နဂိုကတည်းက အားပျော့သော နယူးကာဆယ်ခံစစ်၌ ဝုဒ်ဂိတ် မကစားနိုင်ခြင်းက ယခုပွဲ၌ တိုက်စစ်ကို ပိုကစားမည့် မာဆေးအတွက် အင်မတန် အားတက်စရာ ကောင်းလှသည့် အနေအထားမျိုးပင် ဖြစ်သည်။ ပထမအကျော့ ဝုဒ်ဂိတ်ကစားခဲ့စဉ်ကတောင် မာဆေးတိုက်စစ်မှူး ဒရော့ဘာတစ်ဦးတည်းကို အနိုင်နိုင် ထိန်းနေရသည့် နယူးကာဆယ်ခံစစ်အနေဖြင့် ဒရော့ဘာ၊ မာလက်၊ မီဒိုစသည့် တိုက်စစ်အတွဲဖြင့် မာဆေးပွဲထွက်လာပါက ပို၍ပင် အခက်ကြုံရတော့မည့် အနေအထားမျိုး ဖြစ်နေသည်။ ထို့ကြောင့်လည်း ယခုပွဲ၌ မာဆေးကိုသာ အနိုင်ပေးထားရတော့မည်ထင်သည်။

ဗလန်စီယာ-ဗီလာရီးရဲ(၆-၅-၂၀၀၄)ရက်

မြို့ခံနှစ်သင်း၏ အနေအထားမှာ ကွာခြားသည်။ ဗလန်စီယာက အဘက်ဘက်မှ အသာစီးရထားသည်။ လာလီဂါ ပထမအကျော့အဖြစ် ဗလန်စီယာကွင်း၌ ဆုံခဲ့စဉ်ကလည်း ဗလန်စီယာပဲ အနိုင်ရထားသည်၊ ၄-၂။ သည်တော့ အသင်းငယ်လေး ဗီလာရီးရဲအတွက် ယခုပွဲကို စိတ်ဓာတ်အပြည့်ထည့်ပြီး အန်တုရုံသာ ရှိတော့သည်။ ဗီလာရီးရဲအတွက် အခွင့်အရေးရနိုင်သည်က လာလီဂါတစ်ဖက်၊ ယူအီးအက်ဖ်အေတစ်ဖက်နှင့် အာရုံများနေနိုင်သည့် ဗလန်စီယာ၏ အနေအထားပင် ဖြစ်သည်။ လက်ရှိအချိန်၌ ဗလန်စီယာမှာ ယူအီးအက်ဖ်အေအပေါ်လည်း အာရုံပြန်ထားလာသည်။ ပြိုင်ပွဲနှစ်ရပ်အတွက် ကစားသမားများကို အလှည့်ကျ သုံးလာသည်ကို တွေ့ရသည်။ ထို့ကြောင့် ယခုပွဲကိုလည်း ဗလန်စီယာ အသေအချာပြင်ဆင်ပြီး ကစားမည်မှာ သေချာနေသည်။ သို့သော် ခက်နေသည်က ဗလန်စီယာ၏ ဂိုးသွင်းအား၊ ဗလန်စီယာ၏ ဂိုးသွင်းအားက ယခုတလော ပုံမှန်မရှိဖြစ်နေရာ ဗီလာရီးရဲသာ ခံစစ်ကို အသေအချာ အားပြုကစားခဲ့ပါက အခွင့်အရေးရှိနိုင်သည့် အနေအထားမျိုးပင် ဖြစ်သည်။ သို့သော် ဗလန်စီယာ တိုက်စစ်၌လည်း ယခုပွဲတွင် အိမ်မားပြန်ကစားနိုင်တော့မည့် အခြေအနေမျိုး ဖြစ်နေပြန်ရာ ဗီလာရီးရဲခံစစ် မည်မျှတောင့်ခံနိုင်မည်နည်းဆိုသည်ကိုသာ စောင့်ကြည့်ရမည့်အနေအထားမျိုး ဖြစ်နေသည်။ ဗလန်စီယာနိုင်သွားလိမ့်မည်ထင်မိသည်။ ။ **(မြန်မာ့အလင်း)**

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့အဖြစ် ဒီပို့တီဗိုနှင့် ပေါ်တိုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဒီပို့တီဗိုအသင်းမှ မော်ရိုဆီးလ်ဗားက လေထဲဝဲ၍ ဂိုးထဲသို့ နောက်ပြန်ကန်သွင်းစဉ်။

မူဆယ်မြို့ အမှတ်(၁)စည်ပင်သာယာဈေးကြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို မေ ၈ ရက်က ပြုလုပ်ရာ မြို့နယ်အတွင်းရေးမှူးနှင့် ဝန်ထမ်းများ၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင် အရာရှိ ဦးစိုးရန်နိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင်များ၊ မြို့နယ် မီးခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

နှမ်းပြည်နယ် အမျိုးသမီးရေးရာ ပညာရေးလုပ်ငန်းအဖွဲ့ ပထမအကြိမ် အခြေခံကွန်ပျူတာ သင်တန်းဖွင့်

မော်လမြိုင် မေ ၃၀

မွန်ပြည်နယ် အမျိုးသမီးရေးရာ ပညာရေးလုပ်ငန်းအဖွဲ့က ကြီးမှူး၍ ပထမအကြိမ် အခြေခံ ကွန်ပျူတာသင်တန်းဖွင့်ပွဲကို မေ ၂၄ရက်က မော်လမြိုင်မြို့ အစိုးရကွန်ပျူတာ ကောလိပ်ခန်းမ၌ ကျင်းပသည်။

အမှာစကား

အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲအခမ်းအနားတွင် မွန်ပြည်နယ် အမျိုးသမီးရေးရာ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ မော်လမြိုင် ပညာရေးကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်မြတ်က အမှာစကားပြောကြားပြီး မွန်ပြည်နယ် အမျိုးသမီးရေးရာ ပညာရေးအဖွဲ့ခေါင်းဆောင် မော်လမြိုင် တက္ကသိုလ် (ရူပဗေဒ ပါမောက္ခ) ဒေါ်ခင်သန်းနွယ်က သင်တန်းဖွင့်လှစ်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ပို့ချ

အဆိုပါသင်တန်းတွင်သင်တန်းသူ သင်တန်းသား ၃၀တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၂၄ ရက်မှ ဇွန် ၁၀ရက်အထိ နှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြား ပို့ချပေးမည် ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

နှမ်းစပါးစိုက်ခင်းများ မြို့နယ်ဥက္ကဋ္ဌ ကွင်းဆင်းကြည့်ရှု

ပေါက်ခေါင်း မေ ၃၀

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်သည် အဖွဲ့ဝင်များ လိုက်ပါလျက် **(အပေါ်ပုံ)** ရွာထောင်ကျေးရွာအုပ်စု ကွင်းအမှတ် ၇၀၃(က)ရှိ အောင်မြင်ဖြစ်ထွန်းနေသော နှမ်းစပါးစိုက်ခင်းများကို ကွင်းဆင်းစစ်ဆေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်မန်နေဂျာနှင့် ဝန်ထမ်းများက နှမ်းစပါးခင်းများ ပိုးမွှားရောဂါ ကျရောက်မှု ရှိမရှိ၊ စပါးပင်များ ဓာတ်မြေဩဇာ လိုအပ်မှု ရှိမရှိကို "အရွက်အရောင်တိုင်းကတ်"ဖြင့် အသုံးပြုတိုင်းတာသည့် နည်းစနစ်ကို လက်တွေ့ရှင်းလင်းပြသရာ လယ်သမားများ စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြသည်။

ယခုနှစ်တွင် ပေါက်ခေါင်းမြို့နယ်အတွင်း တောင်နဝင်းနှင့် မြောက်နဝင်းဆည်ရေကို အသုံးပြု၍ နှမ်းစပါး၁၁၇၈၈ဧကေ လျာထားခဲ့ရာ ၁၂၅၇၂ ဧကထိ စိုက်ပျိုးထားကြောင်း သိရသည်။ **(က-ပ)**

မေ ၁၁ ရက်က တာချီလိတ်မြို့ ဟွေရယ်ကျေးရွာ(ပရဟိတ) ရွှေတောင်တန်းကျောင်းတိုက်တွင် တတိယအကြိမ်မြောက် စုပေါင်း ရှင်ပြုပွဲတော် ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးနှင့်ဇနီး ဒေါ်သူသူမင်းစံတို့က ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ ဆံချမင်္ဂလာ ပြုလုပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာဗီဒီယိုဇာတ်ကား ၁၂ကားဖြန့်ချိ ကျော်ဟိန်း၊ရန်အောင်၊ကျော်ရဲအောင်နှင့်လူမင်းတို့ပါဝင်

မောင်ဆွေထွန်း

ရန်ကုန် မေ ၃

ယခုအပတ် မေ၃ရက်နေ့မှစ၍ မြန်မာဗီဒီယိုဇာတ်ကား၁၂ကားတစ်ပတ်အတွင်း ဖြန့်ချိ ပြသခွင့်ရရှိသည်။

ကြောင်ကမ္ဘာ ဗီဒီယိုမှ ဇမ္ဗူထွန်းသက်လွင် ရိုက်ကူး၍ နေမျိုးအောင်၊ ယမင်း ကိုကိုခိုင်နှင့်းဝေတို့၏ **'အခုတော့လည်း သူစိမ်းတွေလိုပါ အာကာသရန်သူ'**စက်ရုပ်သိပ္ပံ ဇာတ်ကား၊ ဒါရိုက်တာ ဒေါ်န ရိုက်ကူး၍ မိုးဒီ၊မင်းအုပ်စိုး၊ လင်းဇာနည်ဇော်တို့ပါဝင်သော **'နတ်စည် ငယ်လေ'** ဇာတ်ကား၊ မောင်ကင်း ရိုက်ကူး၍ ကင်းကောင်၊ ကုသိုလ်နှင့် တက္ကသိုလ် ဂွမ်းပုံတို့ ပါဝင်သော **'ကျွန်ုပ်တို့၏ လွဲချော်မှုများ'**။

'ဂန္ဓဝင်ရွှေပေါက်ဆိန်'ဇာတ်ကားမှ ရန်ကျော်နှင့် လရိပ်မေတို့အတွဲ။

ပဲလား' ဇာတ်ကား၊ လပ်ကီးဆဲဗင်း ဗီဒီယိုမှ မောင်အောင်(ရူပဗေဒ) ရိုက်ကူး၍ ကျော်ဟိန်း၊ နဝရတ်တို့ ပါဝင်သော **'အားလုံးရှေ့မှာငါရှိတယ်'**၊ စိန်ပန်းမင်း ဗီဒီယိုမှ စိုင်းသီဟ၊ အာကာမိုးမြင့်ပါဝင်သော**'ပြေးမလွတ်'**၊ သုခမိန် ဗီဒီယိုမှ ဟိန်းစိုးရိုက်ကူး၍ လူမင်း၊ ထက်ထက်မိုးဦး၊ ချိုပြုံးတို့ ပါဝင်သော **'ငါ့ကို ချစ်တဲ့သူ'**။

ကုသိုလ်ရိုက်ကူး၍ ရာဇာနေဝင်း မင်းဟိန်း၊ ထွန်းအိန္ဒြာဗိုတို့ပါဝင်သော **'တိမ်လွှင့်ကောင်းကင်'** ဇမ္ဗူတလူ ဗီဒီယိုမှဥက္ကာဗိုရိုက်ကူး၍ ရန်အောင်၊ ကျော် ရဲအောင်၊ မေသဥ္ဇာဦးတို့ပါဝင်သော **'အိပ်မက်မြစ်'**၊ မောင်ခြိမ့် စီစဉ်သော **'သိပ္ပံ သူရဲကောင်းနှင့်**

စိန်ငွေ ဗီဒီယိုမှ စိုးမြင့်နိုင်ရိုက်ကူး၍ ရန်ကျော်၊ လရိပ်မေတို့ ပါဝင်သော **'ဂန္ဓဝင်ရွှေပေါက်ဆိန်'**၊ တက်လမ်း ဗီဒီယိုမှ နိုင်ထက်ဦး၊ ဟန်နီထွန်းတို့

ငွေအိမ်စံ ဗီဒီယိုမှ မကြာမီဖြန့်ချိမည့် မောင်နီလွင်၏'ပန်းစက်ဝိုင်း' ဗီဒီယိုဇာတ်ကားမှ ရန်အောင်နှင့် ဆောင်းအိန္ဒြေထွန်း။

သုခမိန် ဗီဒီယိုမှ ဟိန်းစိုးရိုက်ကူးသော 'ငါ့ကိုချစ်တဲ့သူ' ဇာတ်ကားမှ လူမင်းနှင့်ထက်ထက်မိုးဦး။

ပါဝင်သော **'သံသယအမုန်း'**၊ ဒါရိုက်တာ သပြားသုရိုက်ကူး၍ နေထက်လင်း၊ ဆုပန်ထွာတို့ ပါဝင်သော **'အိပ်မက် နေရာလေး'**ဇာတ်ကားများ ဖြန့်ချိပြသ မည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

စံပျော်ရစ်စေ

သုခမိန်ဗီဒီယိုမှ ကိုစစ၏ ဝတ္ထုကို မြမြင့်မိုရ် ဇာတ်ညွှန်းရေး၍ ဒါရိုက်တာ ဟိန်းစိုး ရိုက်ကူးသည့် **'စံပျော်ရစ်စေ'** မေတ္တာဖွဲ့ ဇာတ်ကားမှာ ဆင်ဆာအဖွဲ့ ခွင့်ပြုချက်ရရှိ၍ မကြာမီ ဖြန့်ချိနိုင်မည် ဖြစ်သည်။ **'စံပျော်ရစ်စေ'**တွင် လူမင်း၊ ထက်ထက်မိုးဦးနှင့် သူထူးစံ တို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

(မြန်မာ့အလင်း)

လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဆင်း

မြစ်ငယ် မေ ၁၀

မန္တလေးတိုင်း အမရပူရမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးဖွင့်လှစ်သော ရပ်ကွက်၊ ကျေးရွာ ၅၁ အုပ်စုမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ်(၁/၂၀၀၄)ဆင်းပွဲကို မတ် ၃၁ ရက် ညနေ ၄ နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မြင့်က သင်တန်းဆင်းအမှာ စကားပြောကြားသည်။

(၂၀၉)

ကြည့်ရှုစစ်ဆေး

ပဲခူးတိုင်း (အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့ ကျေးလက်လမ်းတံတား ဝက်လှကြီး၊ ဝက်လှလေး ဂဝံခင်းခြင်း လုပ်ငန်း၏ မြေသားလမ်းပြုပြင်ခြင်း လုပ်ငန်းကို မေ ၃၀ရက်က ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးတင်လင်းဦးက ရှင်းလင်းစဉ်။ (မြို့နယ်စည်ပင်)

ကျွန်းလှမြို့ပြည်သူ့ဆေးရုံသို့ ချွဲစုပ်စက်ပေးအပ်လှူဒါန်း

ကျွန်းလှ ဧပြီ ၁၀

ကျွန်းလှမြို့နယ် ပြည်သူ့ဆေးရုံသို့ မော်ကယ်ရေနံမြေလုပ်ငန်းရှင်များက ငွေကျပ် ၅၂၀၀၀၀တန် ချွဲစုပ်စက်လှူဒါန်းပွဲကို ဧပြီ ၃ရက် နံနက် ၁၀နာရီ တွင် စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမျိုးသန့်နှင့် မြို့နယ်ဆရာဝန်ကြီးတို့က အမှာစကားပြောကြားကြပြီး မြို့မိမြို့ဖအဖွဲ့ဝင်ဦးသောင်းလွန်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မော်ကယ်ရေနံမြေလုပ်ငန်းရှင်များကိုယ်စားဦးငြိမ်းချမ်းက လှူဒါန်းရခြင်းအကြောင်း ပြောကြားပြီး ဦးဝင်းဦးနှင့် ဦးကျော်မြင့်တို့က ချွဲစုပ်စက်ကိုပေးအပ်လှူဒါန်းရာမြို့နယ်ကျန်းမာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ဆရာဝန်ကြီးတို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သိက္ခာထပ်မင်္ဂလာနှင့်သိမ်ဆင်းလောင်းလှူ

ပြင်ဦးလွင် ဧပြီ ၁၃

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ ဇြဟ္မဝိဟာရ ကံ့ကော် ၁၀၀၀ ဆရာတော်နှင့် မုံရွာမဟာဗောဓိ ၁၀၀၀ ဆရာတော်နှစ်ပါးကြီးမှူးသော ဗြဟ္မဝိဟာရ ကုန်းတော်မြေ မြိုင်နန်းရှိ မြမဥ္ဇူလေးဆုရှင်မြတ်စွာဘုရားကျောင်းတော် အဂ္ဂရုံသီ ရွှေသိမ်တော်ကြီးတွင် ဧပြီ ၁၂ ရက် နံနက် ၈ နာရီက ဆရာတော်ကြီးဘဒ္ဒန္တအဂ္ဂဝံသအား သိက္ခာထပ်မင်္ဂလာနှင့် ဒုလ္လဘရဟန်းများ သိမ်ဆင်းလောင်းလှူပွဲ ကျင်းပသည်။

ထို့နောက် ရွှေကျီးသာမွေ့ဗိမာန်ဆွမ်းစားကျောင်းတော်ကြီးတွင် ရန်ကုန်မြို့ ဦးထွန်းသန်း၊ (အစ်ကို)ဦးအေးကို၊ (ညီမ) ဒေါ်မြသန်းညွန့်၊ ဆွေမျိုးတစ်စုတို့က သင်္ကြန်အကြိုနေ့တွင် သံဃာတော်များအားဆွမ်းဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြောင်း သိရသည်။(အပေါ်ပုံ)

(၂၈၀)

ဧပြီ ၃၀ ရက်က မင်္ဂလာတောင်ညွန့် မီးရထားရပ်ကွက် အမှတ်(၂၃) အခြေခံပညာမူလတန်းကျောင်း၌ နွေရာသီ အသုံးလုံးကျေ သင်တန်းဖွင့်ပွဲတွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်က အမှာစကားပြောကြားစဉ်။

တကောင်းမြို့ ရှေးဟောင်းလေးမျက်နှာဘုရားကြီး ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်

အေဒီ(၁၁)ရာစု အနော်ရထာမင်းကြီး ကောင်းမှုတော်ဖြစ်သော လေးမျက်နှာဘုရားကြီးသည် ငလျင်ဒဏ်၊ ရာသီဥတုဒဏ်တို့ကြောင့် ပြိုကျပျက်စီးခဲ့ရပြီး နှစ်ပေါင်းများစွာ တောချုံများ အုပ်ဖုံးလျက် အုတ်ကုန်းကြီးဘဝ ရောက်ခဲ့ရသည်ကို ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် တကောင်းမြို့ဟောင်းတွင် ပြန်လည်ပြုပြင်တည်ဆောက်ပါမည်။ စေတနာရှင် ကုသိုလ်ရှင်များ သဒ္ဓါတရားထက်သန်စွာဖြင့် ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ပါသည်။



အုတ်တစ်ချပ် (၁၂ x ၆ x ၃)	–	၄ဝိ/–
ဘိလပ်မြေတစ်အိတ်	–	၄၀၀ဝိ/–
သဲတစ်ကျင်း	–	၆၀၀ဝိ/–
မြစ်ကျောက်(အသေး)တစ်ကျင်း	–	၂၀၀၀ဝိ/–
ထုံး (တစ်အိတ်)	–	၁၀၀ဝိ/–
သဲကျောက်ပြားတစ်ချပ် (၁၂ x ၁၂)	–	၅၀ဝိ/–

ယဉ်ကျေးမှုဝန်ကြီးဌာန	(ဝန်ကြီးရုံး)	ဖုန်း –၅၄၃၂၃၅၊ ၅၄၃၂၃၃
ရှေးဟောင်းသုတေသနဦးစီးဌာန	(ရုံးချုပ်)	ဖုန်း –၅၁၂၁၄၀၊ ၅၁၂၁၃၉
ယဉ်ကျေးမှုအမွေအနှစ်ဒေသဌာနခွဲ	(မန္တလေး)	ဖုန်း ၀၂–၃၆၃၆၅၊ ၀၂–၃၉၁၅၆

တကောင်းမြို့ လေးမျက်နှာဘုရား ဂေါပကအဖွဲ့ရုံး။

ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၃

(၅၆) ကြိမ်မြောက် တိပိဋကရေ ရွှေးချယ်ရေးစာမေးပွဲကြီးတွင် တိပိဋကရေ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရမ္မာဝတီဆရာတော် ဘဒ္ဒန္တကုန္ဒပါလ အရှင်သူမြတ်အား ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)မှ ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို မေ ၁၀ရက် နံနက် ၈နာရီတွင် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ရခိုင်ပြည်နယ်ဓမ္မာရုံတွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။ ပါဝင်လှူဒါန်းလိုကြသည့် စေတနာရှင်များ ဦးချမ်းမောင်(ဥက္ကဋ္ဌ) ဖုန်း–၅၁၃၄၆၂/၅၅၇၅၉၇၊ ဦးသန်းနိုင်(ဒုဥက္ကဋ္ဌ) ဖုန်း–၅၄၅၃၉၅/၅၄၃၂၈၂၊ ဦးအောင်ကျော်ဦး (အတွင်းရေးမှူး) ဖုန်း–၀၉၅၀–၁၄၂၆၀နှင့် ဒေါ်မြတင် (ဘဏ္ဍာရေးမှူး) ဖုန်း–၂၅၄၂၀၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ကြော်ငြာစာအမှတ် ၁၈/၂၀၀၄ (၂၀၀၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

လျှောက်လွှာခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး) တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာများ အလိုရှိပါသည်–

စဉ်	ရာထူး	ပညာအရည်အချင်း	လစ်လပ်
(က)	လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)	မြို့ပြအင်ဂျင်နီယာဘွဲ့	၁ နေရာ
(ခ)	လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်)	လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဘွဲ့ (သို့မဟုတ်) အီလက်ထရွန်နစ်အင်ဂျင်နီယာဘွဲ့	၁ နေရာ
(ဂ)	အလုပ်ရုံခွဲမှူး	မြို့ပြအင်ဂျင်နီယာဘွဲ့	၁ နေရာ

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၅–၅–၂၀၀၄ နေ့တွင် အသက် ၃၅ နှစ်(ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်) ထက် မကျော်လွန်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၅–၅–၂၀၀၄ နေ့အရောက်ပေးပို့ရမည်။

၄။ ရာထူးတစ်မျိုးထက်ပို၍ လျှောက်လွှာတင်သွင်းလိုပါက ရာထူးတစ်မျိုးစီအတွက် ဝင်ကြေး ငွေ ၅ဝိ/–ကို သီးခြားပေးသွင်းပြီး၊ ရာထူးအလိုက် လျှောက်လွှာသီးခြားတစ်စောင်စီ တင်သွင်းရမည်။

၅။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့်စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅ဝိ/–ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေနှုတ်ဖြေစစ်ဆေးမှုအတွက်လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက် အမှတ် ၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၆။ **ရန်ကုန်မြို့နှင့်မန္တလေးမြို့များတွင်** ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၇။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှ တစ်ဆင့်ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၅–၅–၂၀၀၄ နေ့အရောက်ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၈။ ၂၆–၆–၂၀၀၄ နေ့နှင့် ၂၇–၆–၂၀၀၄ နေ့များတွင် အရည်အချင်းစစ်ရေးဖြေစာမေးပွဲ ကျင်းပမည်။ ၂၄–၆–၂၀၀၄ နေ့မှစ၍ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၉။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် (၃၇၈၁၆၃) သို့ ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

အလွှာအရှင်မြတ်အမိန့်တော်ခံယူခြင်း

ဦးစလေမန်(ခ) ဗိုလ်ကြီးမောင်တင်(ငြိမ်း)

အသက်(၈၈)နှစ်

လှည်းကူးမြို့နေ (ဦးကာစီ–ဒေါ်ရင်–ဒေါ်သန်းခင်) တို့၏သား၊ (ဦးမာမက်–ဒေါ်ရီ)၊ (ဦးရှား–ဒေါ်အမာ)၊ (ဦးတင်ရွှေ–ဒေါ်အမာနီ) တို့၏ ညီ/အစ်ကို၊ ရန်ကုန်မြို့၊ ကန်တော်ကလေး၊ ၁၀၁လမ်း၊ အမှတ် ၁၃၁ နေ (ဒေါ်တင်ရွှေ)၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်တင်–ဦးရန်အေး၊ ဒေါ်ဝင်းဝင်းတင် (လမ်းမတော်မြို့နယ်တရားရုံး–ငြိမ်း) – ဦးမြင့်ထွန်း (မီးရထား–ငြိမ်း)၊ ဒေါ်ခင်မေတင်–ဦးကိုကိုမောင်၊ ဒေါ်မြမြတင်–ဦးကိုလေး၊ ဦးသိန်းနိုင် (ဆိုဒ်ကြီးကြပ် MMM ဆောက်လုပ်ရေး)–ဒေါ်ခင်ဌေး၊ ဒေါ်ညိုညိုတင်–ဦးစန်းလွင်(ဘုရင့်နောင်ဈေး)၊ ဦးသန်းနိုင်(B.Sc)(အောင်သိဒ္ဓိအကောက်ခွန်ရှင်းလင်းရေးလုပ်ငန်း၊ ဒါရိုက်တာ)၊ ဦးသောင်းနိုင်တို့၏ဖခင်၊ မောင်အောင်လင်းထွန်း၊ မနွယ်နွယ်ထွန်း (1st Year Zoology အရှေ့ပိုင်းတက္ကသိုလ်)၊ မမြလေးနွယ်၊ မောင်ဇင်ကိုဦး၊ မောင်ညီညီလွင်၊ မတင်ထားဝေတို့၏ အဘိုးသည် ၂၈–၄–၂၀၀၄ ရက် ည ၁၁း၄၅ နာရီတွင် နေအိမ်၌ အလွှာအရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၉–၄–၂၀၀၄ ရက်တွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

တတိယအကြိမ်မြောက် (၁၁) ရက် (၁၁) [illegible] ဆွမ်း၊ ဆွမ်းဟင်း နှင့် ပစ္စည်းလေးပါးကို

သံဃာတော် (၃၀၅၈)ပါးတို့အား လှူဒါန်းသည့်

အလှူတော်မင်္ဂလာ အောင်မြင်သည့်အတွက် ကျေးဇူးတင်လွှာ

ရန်ကုန်/ပဲခူး/ပဲနွယ်ကုန်းမြို့နေ ဦးအေးသိမ်း + ဒေါ်စမ်းမြင့် [illegible] မိသားစုတို့က [illegible] သံဃာတော်အရှင်သူမြတ် (၃၀၅၈) ပါးတို့အား (၁၇-၄-၂၀၀၄)မြန်မာနှစ်ဆန်းတစ်ရက်နေ့မှ (၂၇-၄-၀၄)ကဆုန်လဆန်း(၉)ရက်နေ့အထိ တတိယအကြိမ်မြောက် (၁၁)ရက် (၁၁)ထီ (၁၁)[illegible] ဆွမ်း ဆွမ်းဟင်းနှင့် ပစ္စည်းလေးပါးလောင်းလှူ၍ ကျင်းပသော ပဲနွယ်ကုန်းမြို့ [illegible]

[illegible] ဒေါ်တင်တင်ညွန့် မိသားစု

ပဲခူးတိုင်း၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် (၁) [illegible] အဖွဲ့ဝင် (၂) [illegible]

ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ [illegible] ပဲနွယ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ [illegible]

[illegible] ဒေါ်လှကြည် [illegible] မိသားစု [illegible] ပဲခူးမြို့၊

ပဲခူးခရိုင် ဆောက်လုပ်ရေးအင်ဂျင်နီယာမှူး [illegible] ဒေါ်ခင်ခင်ဆေ့ မိသားစု၊ [illegible]

SUPERME ZONE TRADING ကုမ္ပဏီလီမိတက် [illegible] (သာကေတ)၊

[illegible] မိသားစု (တောင်ဥက္ကလာပ)၊ [illegible] (တောင်ဥက္ကလာပ)

[illegible] (LUCKY PALACE JEWELLERY) မိသားစုတို့မှ [illegible]

ပဲခူးတိုင်း [illegible] အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ

[illegible] မိသားစု၊ မြို့နယ် [illegible] (ပဲနွယ်ကုန်းမြို့)

[illegible] ရန်ကုန်/ပဲခူး/ပဲနွယ်ကုန်းမြို့မှ [illegible]

အထူးကျေးဇူးတင်ရှိပါသည်။

ဦးအေးသိမ်း + ဒေါ်စမ်းမြင့် (သမီးမိသားစု)
ပဲနွယ်ကုန်းမြို့။

အမည်ပြောင်း ဦးကျော်သိန်း၏သား သန်လျင်မြို့ အထက(၂) နဝမတန်း (E)မှ မောင်လှိုင်မင်းထွန်းအား မောင်အောင်ကျော်မင်းဟု ခေါ်ပါရန်။ **မောင်အောင်ကျော်မင်း။**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
မဟာအင်ဂျင်နီယာဘွဲ့ သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန် အနောက်ပိုင်း နည်းပညာ တက္ကသိုလ် (လှိုင်သာယာ)နှင့် မန္တလေး နည်းပညာတက္ကသိုလ်များတွင် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် ၂၀၀၄ ခုနှစ် မေလ ၂၇ ရက်တွင် စတင်ဖွင့်လှစ်မည့် အောက်ပါ မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများအတွက် လျှောက်လွှာများခေါ်ယူအပ်ပါသည်။

ဖွင့်လှစ်မည့်သင်တန်းများ

(၁) M.E(Civil)
(၂) M.E(Mechanical)
(၃) M.E(Electrical Power)
(၄) M.E(Electronic)
(၅) M.E(Information Technology)
(၆) M.E(Mechatronic)
(၇) M.E(Chemical)
(၈) M.E(Mining)
(၉) M.E(Textile)
(၁၀) M.E(Petroleum)
(၁၁) M.E(Metallurgy)
(၁၂) M.E(Aeronautical)
(၁၃) M.E(Architecture)

၂။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်။
(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး သုံးဦးစလုံးသည် မြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) သက်ဆိုင်ရာ အဓိကဘာသာရပ်ဖြင့် B.E, B.Arch ဘွဲ့ရရှိပြီး မဟာအင်ဂျင်နီယာသင်တန်းသို့ တက်ရောက်ရန်အဆင့်မီသူများသာ လျှောက်ထားနိုင်သည်။
(ဂ) သင်တန်းသို့ အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) သင်တန်းစတင်မည့် ၂၇-၅-၂၀၀၄ရက်တွင် အသက် ၃၅ နှစ်ထက် မကျော်လွန်သူများ လျှောက်ထားနိုင်သည်။
(င) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ဦးစီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်းထောက်ခံချက်တင်ပြရမည်။

၃။ မန္တလေးနည်းပညာတက္ကသိုလ်တွင် အောက်ပါ နည်းပညာ တက္ကသိုလ်/နည်းပညာကောလိပ်များမှ အောင်မြင်သူများကို လက်ခံ သင်ကြားပေးမည်ဖြစ်၍ အဆိုပါ နည်းပညာတက္ကသိုလ်/ နည်းပညာ ကောလိပ်များမှ အောင်မြင်သူများသည် မန္တလေးနည်းပညာ တက္ကသိုလ် တွင် လျှောက်ထားရမည်။

မန္တလေးနည်းပညာတက္ကသိုလ်၊ မြစ်ကြီးနား GTC၊ ဗန်းမော် GTC၊ လားရှိုး GTC၊ ကလေးGTC၊ မုံရွာGTC၊ မန္တလေးGTC၊ ကျောက်ဆည် GTC၊ မိတ္ထီလာ GTC၊ မကွေးGTC၊ ပခုက္ကူGTC၊ အေးသာယာGTC၊ ကျိုင်းတုံ GTC၊ လွိုင်ကော်GTC၊ ပင်လုံ GTC။

၄။ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်(လှိုင်သာယာ)တွင် အောက်ပါ နည်းပညာတက္ကသိုလ်/နည်းပညာကောလိပ်များမှ အောင်မြင်သူများကို လက်ခံ သင်ကြားပေးမည်ဖြစ်၍ အဆိုပါ နည်းပညာ တက္ကသိုလ်/နည်းပညာကောလိပ်များမှ အောင်မြင်သူများသည် ရန်ကုန် အနောက်ပိုင်း နည်းပညာတက္ကသိုလ်(လှိုင်သာယာ)တွင် လျှောက်ထားရ မည်။

ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်(လှိုင်သာယာ)၊ ပြည် နည်းပညာ တက္ကသိုလ်၊ တောင်ငူ GTC၊ ပြည် GTC၊ စစ်တွေ GTC၊ ဟသ်ာတ GTC၊ ပုသိမ် GTC၊ မှော်ဘီ GTC၊ သန်လျင် GTC၊ မြိတ် GTC၊ မော်လမြိုင် GTC၊ မအူပင် GTC၊ ဘားအံ GTC၊ ထားဝယ် GTC။

၅။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် သက်ဆိုင်ရာ ရန်ကုန် အနောက်ပိုင်း နည်းပညာတက္ကသိုလ်(လှိုင်သာယာ) နှင့် မန္တလေး နည်းပညာ တက္ကသိုလ်များတွင် ၁၄-၅-၂၀၀၄ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်။

၆။ အခြားသိလိုသည်များရှိပါက ရန်ကုန်နည်းပညာတက္ကသိုလ် (ကြို့ကုန်း) ဖုန်း-၀၁-၆၄၂၅၆၀၊ ရန်ကုန်အနောက်ပိုင်းနည်းပညာ တက္ကသိုလ်(လှိုင်သာယာ) ဖုန်း-၀၁-၇၁၀၇၀၆နှင့် မန္တလေး နည်းပညာတက္ကသိုလ် ဖုန်း-၀၂-၈၈၇၅၆ ကျောင်းသားရေးရာ ဌာနများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ရက်(၁၀၀)ပြည့် မွေးနေ့ဆုတောင်း

(၄-၅-၂၀၀၄)ရက်နေ့တွင် ကျရောက်သည့် သမီးဦးရတနာလေး ဂျူးဂျူးသံသာကျော်၏ ရက် (၁၀၀) ပြည့် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ....

ချစ်ဘွားဘွား- **ဒေါ်ခင်သန်းအေး**
ချစ်ဘိုးဘိုး - **ဦးစိုးမြင့်- ချစ်ဘွားဘွား ဒေါ်ခင်စန်းနွဲ့**
ချစ်ဖေဖေ - **ဦးမိုးကျော်ဝမ်း(ခ) သွင်မိုဃ်း (စွမ်းအင်ဝန်ကြီးဌာန)**
ချစ်မေမေ - **ဒေါ်ယဉ်မင်းသိမ့်(ခ)ပို့ပို့ (Love မြဝတီကြော်ငြာ လုပ်ငန်း)**

GREATEST POWER

[illegible]

ရန်ကုန်တက္ကသိုလ်
ပါရဂူ (PhD) သင်တန်းသားများခေါ်ယူခြင်း

၁။ ရန်ကုန်တက္ကသိုလ်တွင် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (PhD)သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ် သင်ကြားမည်ဖြစ်ပါသည်-

(က) ဓာတုဗေဒ
(ခ) ရူပဗေဒ
(ဂ) သင်္ချာ
(ဃ) သတ္တဗေဒ
(င) ရုက္ခဗေဒ
(စ) ဘူမိဗေဒ
(ဆ) ကုန်ထုတ်ဓာတုဗေဒ
(ဇ) ပထဝီဝင်
(ဈ) သမိုင်း
(ည) မြန်မာစာ
(ဋ) ဒဿနိကဗေဒ
(ဌ) စိတ်ပညာ
(ဍ) အရှေ့တိုင်းပညာ
(ဎ) ဥပဒေပညာ
(ဏ) နိုင်ငံတကာဆက်ဆံရေးပညာ
(တ) အင်္ဂလိပ်စာ

၂။ ပါရဂူဘွဲ့(PhD)သင်တန်းတက်ရောက်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။
(က) သက်ဆိုင်ရာ ဘာသာရပ်များအတွက် မဟာသိပ္ပံဘွဲ့(M.Sc) နှင့် မဟာဝိဇ္ဇာဘွဲ့(M.A) ရရှိပြီးသူ ဖြစ်ရမည်။
(ခ) ပညာရေးဝန်ထမ်းဖြစ်ပြီး တက္ကသိုလ်ကောလိပ် တစ်ခုခုတွင် ဆရာ ဆရာမအဖြစ် လက်ရှိအမှုထမ်းဆောင်နေသူ ဖြစ်ရမည်။
(ဂ) ၂၇-၅-၂၀၀၄ရက်နေ့တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူများ ဖြစ်ရမည်။
(ဃ) လျှောက်ထားသူသည် မြန်မာနိုင်ငံသား ဖြစ်ရမည်။

၃။ ရန်ကုန်တက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၂၀-၅-၂၀၀၄ ရက်နေ့ကို နောက်ဆုံးထား၍ လျှောက်ထားရပါမည်။

၄။ လျှောက်ထားသူများသည် ရန်ကုန်တက္ကသိုလ် ပါရဂူဘွဲ့ (PhD) သင်တန်းဝင်ခွင့်စာမေးပွဲကို ၂၇-၅-၂၀၀၄ရက်နေ့တွင် စတင်ဖြေဆိုရမည်။

၅။ အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာဘာသာရပ် ပါမောက္ခများထံတွင် စုံစမ်းနိုင်ပါသည်။

ခင်အေးကျော်
မော်ကွန်းထိန်းအဆင့်(၁)
ရန်ကုန်တက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်နန်းအေးအေးဝင်း
(ငြိမ်း)

အသက် (၃၄)နှစ်

သူငယ်ချင်း အိုင်လေး (၂၇-၄-၂၀၀၄) ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ကောင်းရာသုဂတိ လားပါစေ။

သူငယ်ချင်းများ
တပ်မတော်ဆေးရုံ(၂/၅၀၀)
ရန်ကုန်

ENGLISH (U.M.N)
GRAMMAR
Visa
Home
Interview

ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ကြေညာချက်

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၆၄ တွင် ဤဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ယုဇန ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်လျက်ရှိသော ဒဂုံ ရတနာ အိမ်ရာစီမံကိန်းဇရိယာအား ဒဂုံမြို့သစ်တောင်ပိုင်း စက်မှုဇုန် (၃)၏ စီမံခန့်ခွဲမှုအောက်တွင် ထည့်သွင်းပြီးဖြစ်၍ စက်မှုဇုန်တစ်ခု အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါ သည်။ **မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ။**

ဒေါ်ခင်မာမာအေး
ကုန်သွယ်/လယ်ယာ (ရန်ကုန်တိုင်းရုံး)
အသက်(၄၇)နှစ်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ မြင်သာဇင်ယော်လမ်း၊ အမှတ် ၁၁၈/၂ နေ ဗိုလ်ကြီးစံရွှေ(ငြိမ်း)-(ဒေါ်သန်းသန်းဝင်း)တို့၏သမီး၊ ဦးညွှန့်တင်(Dawn Light Co.,Ltd.)၊ ဦးထိန်ဝင်း(Eastwind)-ဒေါ်ဥမ္မာစံတို့၏ညီမ၊ (ဦးတင်ထွန်းအောင်)(ဒု/အကောက်ခွန်မှူး)-ဒေါ်စိုးစိုးမြင့်တို့၏အစ်မ၊ မောင်ဇေသက်ပိုင်ဝင်း၊ မောင်သူရအောင်တို့၏အဒေါ်သည် ၃-၅-၂၀၀၆ရက် နံနက် ၁၁း၄၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၀၆ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးကောင်းညွှန့် B.Sc (Hons.), M.Sc
အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ပါမောက္ခချုပ်(ငြိမ်း)၊ဒဂုံတက္ကသိုလ်
အသက်(၆၉)နှစ်

ချစ်ခင်လေးစားရပါသည့် ဆရာကြီးဦးကောင်းညွှန့်သည် ၂၉-၄-၂၀၀၆ ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ပါမောက္ခ(ဌာနမှူး)နှင့် ဆရာ၊ဆရာမ၊ဝန်ထမ်းများ၊ရူပဗေဒမိသားစု၊ဒဂုံတက္ကသိုလ်။**

ဒေါ်မြသန်း (ညောင်ရွှေ)
အသက်(၇၁)နှစ်

ညောင်ရွှေမြို့၊ကံသာရပ်နေ(ဦးကြွယ်-ဒေါ်မျှင်)တို့၏သမီး၊ ဒေါ်စောမြ၏ညီမ၊ ဦးလှမောင်ကြွယ် - ဒေါ်ခင်မြင့်တို့၏အစ်မ၊ တောင်ကြီးမြို့၊အိမ်အမှတ် ၁၂/ည၊ ပတ္တမြားလမ်း၊ သစ်တောရပ်ကွက်နေ ဗိုလ်မှူးခမ်းမော်(လေ၊ ငြိမ်း)၏ဇနီး၊ ဦးကိုကိုမော်-ဒေါ်တင်မိုးသိန်း၊ ဦးသက်ဝင်း(ရင်စန်း)-ဒေါ်သန္တာမော်တို့၏မိခင်၊ ရဲမင်းသက်၊ မိုးနှင်းသက်၊ စုပိုင်သက်၊ ခိုင်ယဉ်မင်းသက်၊ခင်ချမ်းမြေ့မိုး၊ခင်သန့်ဇင်မိုး၊ ခင်ယုယမိုးတို့၏ အဘွားသည် တောင်ကြီးမြို့ ထွန်းဆေးခန်း၌ ၂-၅-၂၀၀၆ရက် ည ၉း၂၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၀၆ရက်(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် တောင်ကြီးမြို့ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးမောင်မောင် (ရမည်းသင်း)
(တာဝန်ခံ၊ဆသရ၊လယ်ဝေး)
အသက်(၅၈)နှစ်

ရမည်းသင်းမြို့၊ ဗမကရပ်နေ (ဦးလှမောင်-ဒေါ်ခင်ညွှန့်)တို့၏သား၊ ဝါတိုးဈေးကုန်းရပ်နေ (ဦးထွန်းမောင်-ဒေါ်စကီနာ)တို့၏သားသမက်၊ ဒေါ်ခင်စု၊ (ဒေါ်ခင်ဥ)တို့၏မောင်၊ တပ်ကုန်းမြို့နေ ဦးညီညီ-ဒေါ်ချိုတီ၊ ဦးခင်မောင်မြင့်(တပ်ကုန်း သကြားစက်)-ဒေါ်မာမာအေး၊ ဦးခင်မောင်သန်း၊ ဒေါ်နုရီ၊ ဦးဆန်းကို-ဒေါ်ခင်သိန်း (စာတိုက်မှူး၊ ဖျာပုံ)တို့၏အစ်ကို၊ ဒေါ်ကြည်လေး၏ခင်ပွန်း၊ မောင်ဇာနည်မောင်မောင် (E.GTI MT)၊ ကိုဆန်းကိုဦး-မဇာခြည်မောင်မောင်(A.GTI Civil၊ ဇလဗေဒဌာနခွဲ၊ ဆမ၊ ရန်ကုန်)၊ မနေခြည်မောင်မောင်(A.GTI MT၊ B.Com)၊ မရွှေပြည်တန်တို့၏ဖခင်သည် ၁၈-၄-၂၀၀၆ရက်တွင်အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အိရှာအပြီးတွင် ရမည်းသင်း ကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးမောင်မောင် (ရမည်းသင်း)
(တာဝန်ခံ၊ဆသရ၊လယ်ဝေး)
အသက်(၅၈)နှစ်

ရမည်းသင်းမြို့၊ ဗမကရပ်နေ (ဦးလှမောင်-ဒေါ်ခင်ညွှန့်)တို့၏သား၊ ဝါတိုးဈေးကုန်းရပ်နေ (ဦးထွန်းမောင်-ဒေါ်စကီနာ)တို့၏သားသမက်၊ ဒေါ်မမကြီး၊ ဦးချစ်(ရုံပိုင်ကြီး၊ ငြိမ်း)၊ ဦးတင်အောင်-ဒေါ်ခင်မေအေး၊ဦးကျော်စိန်(စိမ်းယဉ်ယဉ်ရုပ်ရှင်ရုံ)၊ဒေါ်ခင်စု၊ဒေါ်ချို၊ဒေါ်ခင်ညိုညို(အထက၊ ရမည်းသင်း)၊ ဒေါ်ကြွေတို့၏ညီ/မောင်၊ (ဦးမျိုးချစ်)၊ ဦးမျိုးမြင့်နိုင်(အထက၊ ရမည်းသင်း)၊ ဦးစိုးအောင်-ဒေါ်သီသီနိုင်(အလက၊ မြို့မ)၊ ဦးထူးထူးနိုင်(အမက၊ဝါ/ရှေ့)တို့၏အစ်ကို၊မောင်ကောင်းဇော်ထက်(EC.GTC)၊ မမြတ်သီရိအောင်တို့၏ဦးလေး၊ဒေါ်ကြည်လေး၏ခင်ပွန်း၊ မောင်ဇာနည်မောင်မောင်(E.GTI MT)၊ မောင်ဆန်းကိုဦး-မဇာခြည်မောင်မောင်(A.GTI Civil၊ ဇလဗေဒဌာနခွဲ၊ ဆမ၊ ရန်ကုန်)-မနေခြည်မောင်မောင်(A.GTI MT. B.Com)၊ မရွှေပြည်တန်တို့၏ဖခင်သည် ၁၈-၄-၂၀၀၆ရက်တွင် အလ္လာရှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ အိရှာအပြီးတွင် ရမည်းသင်း ကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးအေး (ဒိုက်ဦး)
အလုပ်ရုံစုမှူး (သံမဏိစက်ရုံ၊အင်းစိန်၊ငြိမ်း)
အသက်(၇၈)နှစ်

ဒိုက်ဦးမြို့၊ ဖောင်ဝဲရွာ၊ ကျားတိုက်စုရပ်နေ (ဦးလေးရွှေ-ဒေါ်သိန်း)တို့၏သား၊ ပုသိမ်မြို့နေ (ဦးမောင်သန်း-ဒေါ်ရှိန်)တို့၏သားသမက်၊ ဒေါ်တင်အေး၏ခင်ပွန်း၊(ဦးထင်ကျော်)-ဒေါ်ဥမ္မာအေး၊ ဦးထွန်းထွန်းမြတ်-ဒေါ်မာလာအေး(အဝေးသင်)၊ ဦးမျိုးနိုင်-ဒေါက်တာဝါဝါစိုး၊ ဦးအောင်သူ-ဒေါ်နီလာအေး၊ ဒေါက်တာစိုးစိုးသိန်း-ဒေါ်ဝင်းမာအေးတို့၏ဖခင်၊မြေးကိုးယောက်တို့၏ဘိုးဘိုးကြီး၊ အမှတ် ၁၁၊ ထွန်းသီရိ ၆ လမ်း၊ (၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးအေးသည် ၂-၅-၂၀၀၆ရက် (တနင်္ဂနွေနေ့) ည ၁၀း၄၅ နာရီတွင် ကွယ်လွန်ပြီး ကျန်ရှိသောမျက်ကြည်လွှာနှင့်ရုပ်ကလာပ်ကို ကွယ်လွန်သူ၏ဆန္ဒအရ ဆေးတက္ကသိုလ်(၁)သို့ ၄-၅-၂၀၀၆ရက်တွင် လှူဒါန်းမည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

၈-၅-၂၀၀၆ရက် (စနေနေ့)တွင် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ကျန်ရစ်သူမိသားစုမှ ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးသိန်းမြင့် (ပဲခူး)
ဦးစီးအရာရှိ(ငြိမ်း)ထွေ/အုပ်
အသက်(၆၅)နှစ်

ပဲခူးမြို့၊ လိပ်ပြာကန် ၁ လမ်းနေ (ဦးမောင်ခင်-ဒေါ်မြစိန်)တို့၏ သား၊ (ဦးမြသန်း)-ဒေါ်မြကြည်၊ ဦးသိန်းဟန်-ဒေါ်တင်ကြည်၊ ဦးသန်းဝေ-(ဒေါ်စိန်အေး)၊ ဦးကြီးရှိန်-ဒေါ်တင်လှတို့၏ညီ/မောင်၊ ဦးကြင်စိုး-ဒေါ်ခင်သန်းဝင်း၊ ဦးအုန်းမြင့်-ဒေါ်ခင်သီနွယ်၊ ဦးလှတင်-ဒေါ်သန်းစိန်၊ ဦးစိုးသိမ်း-ဒေါ်မြင့်မြင့်၊ ဒေါ်ခင်ဝင်းတို့၏အစ်ကို၊မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာ စံပြ ၁၈ လမ်း အိမ်အမှတ် ၅၁၀ နေ ဒေါ်ကြည်ကြည်အေး၏ခင်ပွန်းသည် ၃-၅-၂၀၀၆ရက် (တနင်္လာနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၀၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (ရွှေနံ့သာ နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ညီအစ်ကိုမောင်နှမများ။

ဦးဝင်းမောင်(ခ)ဦးညီညီ
B.Sc (Zoology)
အသက်(၃၇)နှစ်

ခင်ဦးမြို့နယ်၊သဲကုန်းကြီးကျေးရွာနေ (ဦးတင်စိန်-ဒေါ်မြရီ)တို့၏သားထွေး၊ ဦးတင်ဝင်း-ဒေါ်ခင်မကြီး၊ ဦးအောင်ကြည်-ဒေါ်ခင်မလေး၊ ဦးမွတ်တား-ဒေါ်ခင်စု၊ ဦးတင်အုန်း-ဒေါ်ပြုံး၊ ဒေါ်ခင်မအေး၊ (ဦးခင်မောင်မြင့်)-ဒေါ်ခင်မဌေး၊ ဦးမောင်မောင်-ဒေါ်ကြည်စန်းတို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၇)ရပ်ကွက်၊ အဓိပတိလမ်း၊ အမှတ် ၅၆ နေ ဦးဝင်းမောင်(ခ)ဦးညီညီသည် ၁-၅-၂၀၀၆ရက် (စနေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၀၆ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ကြာဇံဦး
အသက်(၈၇)နှစ်

စစ်တွေမြို့၊ တရားသီးစုရပ်နေ ဦးစံရဖွေ-ဒေါ်သန္တာဦးတို့၏သမီး၊ ဒေါ်မြသန္တာ၏အစ်မ၊ အမှတ် ၃၂၄ (အေ)၊ ၁ လမ်း၊ အရှေ့ကြို့ကုန်းနေ ဦးစံထွန်းကျော်၏ဇနီး၊ ဒေါ်ခင်မေကြည်-(ဦးစိုးတင့်)၊ (ဦးခင်သိန်း)-ဒေါ်မြမြ၊ ဒေါ်ခင်စောအေး-ဦးထွန်းငြိမ်း၊ ဦးမောင်ရွှေ၊ ဒေါ်ကျော်ကျော်တို့၏မိခင်၊ မြေး ၁၉ ယောက်တို့၏အဘောင်ရှင်၊ မြစ်လေးယောက်တို့၏အဖီးရှင်သည် ၂-၅-၂၀၀၆ရက် နံနက် ၇း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး
ဒေါ်ညွှန့်ညွှန့်လှိုင် (သရက်မြို့)
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းဆုံရှိ၊ သုဝဏ္ဏ ရွှေအင်းကြင်းရိပ်မွန်အိမ်ရာ၊ တိုက်အမှတ် ဘီ-၁ (မြေညီထပ်)နေ (ဦးအုန်း-ဒေါ်ဒေါ်သိန်း)တို့၏ သမီး၊ (ဦးဘိုးကြည်-ဒေါ်ဒေါ်အေး)တို့၏ သမီးချွေးမ၊ (ဦးဘသီ၊ မြန်မာ့မီးရထား၊ငြိမ်း)၏ဇနီး၊ ဒေါက်တာဦးကျော်ကျော်ရှိန်-ဒေါ်အေးအေးချိုတို့၏မိခင်၊ မောင်ဝံသရှိန်၊မစုစုခိုင်တို့၏အဘွား၊ကံ့ကော်ရှိန်၏အဘွား၊ (ဦးမောင်မောင်ခင်-ဒေါ်မမကြီး)၊ (ဦးကိုကိုလေး)-ဒေါ်ခင်မမတို့၏ညီမ၊ (ဦးသန်းထွဏ်း)-ဒေါ်မေမေခင်၊ ဦးမောင်မောင်လွင်-ဒေါ်ခင်အေးသန်း၊ ဦးကျော်ဒင်တို့၏ အစ်မသည် ၂-၅-၂၀၀၆ရက်(တနင်္ဂနွေနေ့)ည ၇း၁၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၄-၅-၂၀၀၆ရက် (အင်္ဂါနေ့)နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်မက်ဒလင်း(ခ)ဒေါ်သန်း
ကျောင်းဆရာမ(ငြိမ်း)
(စိန့်ဂျိုးဇက်ကွန်ဗင့်၊ အထက-၃၊မင်္ဂလာတောင်ညွှန့်)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ အမှတ် ၁၆၄/၇၊ မြန်မာ့ဂုဏ်ရည်လမ်းနေ (ဦးခ-ဒေါ်အုံး)တို့၏သမီး၊ ဒေါ်မေရီဂျိုးဇက် (စိန့်ဂျိုးဇက်ကွန်ဗင့်၊ အထက-၃၊ မင်္ဂလာတောင်ညွှန့်၊ ငြိမ်း)၏ညီမ၊ (ဦးလွန်းကြည်)-ဒေါ်လှမြင့်တို့၏အစ်မ၊ ဒေါ်မာရီ (အထက-၄၊ မင်္ဂလာတောင်ညွှန့်)၏အဒေါ်၊ တူ တူမ ခြောက်ယောက်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၃-၅-၂၀၀၆ရက် နံနက် ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၅-၂၀၀၆ရက် နံနက် ၉ နာရီတွင် ကန်တော်ကလေး စိန်အန်ထော်နီဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဆရာဦးစိန်မောင်
(ယခင် ၁၂၃ လမ်း၊ ဝပ်ရှော့)
အသက်(၇၃)နှစ်

ရန်ကုန်မြို့နေ(ဦးဘအောင်-ဒေါ်တင်ဥ)တို့၏သား၊ ကိုနိုင်ဝင်း၊ ကိုသိန်းဝင်း-မစန်းစန်းအေး၊ မသန်းသန်းဦးတို့၏ဖခင်၊ မောင်ဘိုဘိုသိန်း၊ မရူပါသိန်းတို့၏အဘိုးသည် ၂၈-၄-၂၀၀၆ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်းဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းအမကြီး
ဒေါ်လှကြည် (ကွမ်းခြံကုန်းမြို့)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ တိုက် ၄၊ အခန်း ၉ နေ ဦးမောင်လှ၏ဇနီး၊ ကိုမျိုးညွှန့်-မစန်းစန်းရီ၊ ကိုဖေသန်း(ကြေးတိုင်နှင့်မြေစာရင်း၊ မြိတ်မြို့)-မစန်းစန်းအေး၊ ကိုစံလွင်-မခင်ဝင်းကြည်၊ ကိုအောင်ထွန်း-မစိုးစိုးရီ (စိုးစံလင်း ကုမ္ပဏီလီမိတက်)တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂-၅-၂၀၀၆ရက် (တနင်္ဂနွေနေ့)ည ၇ နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၅-၂၀၀၆ရက် (ကြာသပတေးနေ့) နံနက် ၁၀း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးရောင်
အသက်(၉၄)နှစ်

အမှတ် ၁၁၆ (D)၊ စိမ်းလဲ့ကန်သာ တက္ကသိုလ်ရိပ်သာလမ်းနေ (ဦးလျောင်-ဒေါ်ကျော့)တို့၏သားထွေး၊ (ဒေါ်ရှင်)၏ခင်ပွန်း၊ ဦးဝင်းခင်-ဒေါ်သဇင်မြင့်၊ ဦးကိုလေး-ဒေါ်တင်၊ ဦးဝင်း၊ ဒေါ်ယုံ၊ ဦးချန်သိန်း-ဒေါ်ခင်လှထွေး၊ ဦးခင်မောင်မြင့်(ခ) Loxanzen Hoe-Angela၊ ဦးမြင့်သိန်း-ဒေါ်လီလီလင်း၊ ဦးခင်မောင်လွင်-ဒေါ်မြင့်မြင့်မိုး၊ မောင်ချစ်၊ ဒေါ်စန်းစန်း၊ ဦးမျိုးမြင့်၊ ဦးမြင့်ထွေးတို့၏ဖခင်၊ မြေး ၁၇ ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၃-၅-၂၀၀၆ရက် နံနက် ၂း၁၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၅-၅-၂၀၀၆ရက် နံနက် ၁၁ နာရီတွင် တရုတ်ကွန်တုံ သုသာန်တွင် သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။ ရွှေတောင်တန်း ဟိုဘုံကျောင်းမှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းအမ
ဒေါ်ခင်စိန်
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊မာလာလမ်းသွယ်၂၊ပြည်လမ်း၊ခြံအမှတ်၆၁၇(H)နေ (ဦးမန်ဖိုရှောင်-ဒေါ်ကျင်ဆိုင်)တို့၏သမီး၊(ဦးအရှောင်)၏ဇနီး၊ ဦးသိန်းလွင်-ဒေါ်ကျင်လွမ်၊ဦးသိန်းမြင့်-မဝင်းသိန်း၊ ဒေါ်အေးအေးမြင့်(မင်္ဂလာဈေး)၊ ဦးသိန်းအောင်(Director, Top Quality Co.Ltd.)-ဒေါ်ခင်ခင်အေး(မင်္ဂလာဈေး)၊ ဦးအကြွယ်(Director. J&J Co.,Ltd, Food House, J'Donuts)-ဒေါ်ခင်မေစိုး၊ ဦးစိန်ဝင်း-ဒေါ်ခင်မေကျင်၊ ဦးကျော်စိုး-ဒေါ်စန်းစန်းအေး(OK.သတို့သမီး)၊ Dr.မောင်မောင်-ဒေါ်နွဲ့နွဲ့ဝေတို့၏မိခင်၊ မြေး၂၂ ယောက်၊မြစ်နှစ်ယောက်တို့၏အဘွားသည် ၃၀-၄-၂၀၀၆ရက်တွင်ကွယ်လွန်ပါ၍ ၄-၅-၂၀၀၆ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးအေးစိ(ခ)ဦးအေး
(သထုံ)(ဒိုက်ဦး)
အသက်(၇၈)နှစ်

ဒိုက်ဦးမြို့၊ ဖအောင်းဝဲကျေးရွာနေ (ဦးလေးရွှေ-ဒေါ်သိန်း)တို့၏ တစ်ဦးတည်းသောသား၊ သထုံ၊ ဒီစတြိတ်ကောင်စီဝန်ထောက် (ဦးကျင်ဖေ-ဒေါ်ခင်ကျော့)တို့၏သားသမက်၊ ဦးမျိုးနိုင်-ဒေါက်တာဝါဝါစိုးတို့၏ဖခင်၊ ရန်ကင်းမြို့၊ တိုက်အမှတ် ၂၁၂၊ အခန်း ၃၁၊ အရှေ့ရန်ကင်း၊ငါးလုံးတန်း၊(၄)ရပ်ကွက်နေ ဒေါ်ခင်စောဦး(အထက်တန်းသူနာပြု၊ ငြိမ်း၊ သဇင်ဆေးကုခန်းနှင့် သဇင်ဆေးဆိုင်)၏ခင်ပွန်း၊ ဒေါ်သီတာဦး[B.A (GEO)၊လူမှုဝန်ထမ်းဦးစီးဌာနရုံးချုပ်]၊ ဒေါ်သန္တာဦး[B.Sc (Chem.) LCCI, ACCA, Part I]၊ ဦးမျိုးသွယ်[B.A (Geo) Final]-မေသူဇာဟန်တို့၏ဖခင်သည် ၂-၅-၂၀၀၆ရက် (တနင်္ဂနွေနေ့) ည ၁၀း၄၅ နာရီတွင် ရန်ကင်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ (မျက်ကြည်လွှာနှင့်ခန္ဓာကိုယ်)အား ဆေးတက္ကသိုလ် (၁)သို့ လှူဒါန်းမည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးစံလှရွှေ
(စစ်တွေ)
(အငြိမ်းစားရုံပိုင်ကြီး)
အသက်(၆၅)နှစ်

စစ်တွေမြို့နေ (ဦးရွှေခံ-ဒေါ်ဦးဝေ)တို့၏သား၊ အမှတ် ၆၃၂(ခ)၊ ခမ္မာရုံလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ဒေါ်လွန်း၏ခင်ပွန်း၊ ဦးသန်းထွန်း(စခန်းမှူး၊ တာချီလိတ်ရဲစခန်း)-ဒေါ်ခင်စန်းမြင့်၊ဦးအောင်သန်း(လ/ထ ဘူမိဗေဒအရာရှိ၊ မူဆယ်)၊ ဦးသိန်းမြ (ရုံပိုင်ကြီး၊ မြိုင်ဘူတာ)-ဒေါ်ချိုချိုသက်၊ မမျိုးသီတာ (အထည်ချုပ်၊ YKM)၊ မစန္ဒာဝေ-ကိုအောင်ကျော်သူ(တပ်ကြပ်၊ သာကေတ ရဲစခန်း)တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး၊(ဒေါ်စံဝင်းဦး)၊ (ဦးမောင်မောင်)၊ (ဒေါ်စံမြမေ)၊ (ဒေါ်စံမြဖြူ)၊ ဒေါ်စံမြသူ၊ ဒေါ်စံမြခိုင်၊ (ဦးစံရွှေအောင်)၊ ဦးစံရွှေဘုတို့၏ညီ/မောင်သည် ၂-၅-၂၀၀၆ရက် ည ၁၁ နာရီတွင် အင်းစိန်ပြည်သူ့ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၀၆ရက် (ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အင်းစိန်နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဦးကောဝိဒ
(ဦးပဉ္စင်းကြီး ဦးကျော်ငြိမ်း)
သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၈)ဝါ

၁၃၆၆ခုနှစ် ကဆုန်လဆန်း ၁၁ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသော ဦးကောဝိဒ နာမကျန်းဖြစ်စဉ်က မေတ္တာစေတနာနှင့် ဇီဝိတဒါနဖြင့် အထူးကြပ်မတ်ကုသပေးကြသော မန္တလေးမြို့ မေ့ဆေးဆရာဝန်ကြီးနှင့်ဇနီး မိသားစု၊ စစ်ကိုင်းမြို့ သီတဂူသံဃာ့ဆေးရုံအုပ်ကြီး၊ အန္တိမအဂ္ဂိဈာပနတွင် လိုက်ပါပို့ဆောင်ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် မိုးကုတ်မြို့ အသင်းသူအသင်းသားများအား ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ကံမမြို့နယ်အသင်း(ရန်ကုန်)
ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးတင်အေး (ကံမမြို့)
အသင်းနာယကရာသက်ပန် အသင်းဝင် လူထုပညာရေးမှူး (ဆဌမပတ်)၊ကျောင်းဆရာ(ငြိမ်း)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ ဝေဘာဂီလမ်း၊ အမှတ် ၁၁ နေ ဒေါ်တင်ရွှေ၏ခင်ပွန်းသည် ၂-၅-၂၀၀၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၀၆ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့။

ဦးချစ်မောင်
(သခင်ချစ်မောင်)
(ညောင်ဦးမြို့)
အသက်(၈၄)နှစ်

ညောင်ဦးမြို့၊ ကံသာယာရပ်နေ (ပွဲစားကြီး ဦးအုန်းကျော်-ဒေါ်ငွေရှိန်)တို့၏သားကြီး၊ ဒေါ်မြမေ၏ခင်ပွန်း၊ (ဦးခင်မောင်)၊ ဦးမြင့်သန်း-ဒေါ်မာလာလွင်တို့၏အစ်ကိုကြီး၊ ဗိုလ်ကြီးတင်ဆွေဝင်း(လေ၊ ငြိမ်း)၊ ဒေါ်တင်ထွေးလှိုင် (စက်ရုံခွဲမှူး၊ သဃ်န်းကျွန်း၊ ပဝါစက်ရုံ-၂၄)၊ ဦးတင်ဆွေလင်း(မြို့နယ် တရားသူကြီး၊ ဘူးသီးတောင်)-ဒေါ်အေးအေးမွန်၊ ဦးအောင်ချစ်(B.V.S)၊ ဒေါ်ခင်အုန်းမေ(B.V.S)၊ ဦးသောင်းဟိန်း(မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး၊ ပြည်ကြီးမဏ္ဍိုင်မြို့)၊ ဒေါ်ထားထားအေး၊ ဦးအေးကို-ဒေါ်သီသီအေး(အမက-၄၊ညောင်ဦးမြို့)၊ ဒေါ်ခင်မျိုးဝေ (ဇေ့ယ်လမ်းညွှန်)၊ ဦးအောင်ကျော်စိုး(ဇေ့ယ်လမ်းညွှန်)တို့၏ဖခင်၊ တူ တူမ သုံးယောက်တို့၏ ဦးလေး၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၃-၅-၂၀၀၆ရက် (တနင်္လာနေ့) နံနက် ၆း၁၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးအောင်ကြိုင်
အုပ်ချုပ်ရေးအရာရှိ(ငြိမ်း) အရှိုးအထူးကုဆေးရုံကြီး၊ ကြည့်မြင်တိုင်
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၂၈)ရပ်ကွက်၊ အမှတ် ၉၆၂၊ ဗိုလ်ဖိုးစောလမ်းနေ (ဦးမြဒင်)အငြိမ်းစားရုံးအုပ်၊ ဝိဇ္ဇာ/သိပ္ပံ-(ဒေါ်ရွှေမြစ်)တို့၏သားကြီး၊ ဒေါ်ခင်တင့်(အငြိမ်းစား၊ အထက်တန်းကျောင်းအုပ်ဆရာမကြီး၊ အထက-၄၊ ကြည့်မြင်တိုင်)၏ခင်ပွန်း၊ ဦးဘသန်းချိန်-ဒေါ်တင်အောင်၊ ဦးစိန်ရွှေ-ဒေါ်ခင်ညွှန့်၊ ဦးမြသောင်း-ဒေါ်သန်းကြည်တို့၏အစ်ကိုကြီး၊ ဦးစန်းလှ (အင်/ယာ-ပ၊ မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်း)-ဒေါ်မြင့်မြင့်ဝင်း(အထပြ၊ အထက-၁၊ မှော်ဘီ)၊ ဦးမောင်မောင်မြင့်၊ ဦးကံညွှန့်ရှင်-ဒေါ်အမာကြိုင် (Supreme Water Doctor Group)တို့၏ဖခင်၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုး ကြီးသည် ၂-၅-၂၀၀၆ရက်(တနင်္ဂနွေနေ့) ညနေ ၄း၂၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၀၆ ရက်(အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့်၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မင်္ဂလာသိပ္ပံကျောင်းတိုက်၏ဦးစီးပဓာန နာယက မြို့နယ်သံဃနာယကအဖွဲ့ဝင်
ဘဒ္ဒန္တ ဉာဏ
သက်တော်(၇၁)နှစ်၊ သိက္ခာတော်(၅၁)ဝါ

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ မင်္ဂလာသိပ္ပံကျောင်းတိုက်၏ ဦးစီးပဓာနနာယက မြို့နယ်သံဃနာယကအဖွဲ့ဝင် ဘဒ္ဒန္တဉာဏ အရှင်မြတ်သည် ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၁၁ ရက် (၂၉-၄-၂၀၀၆ရက်) မွန်းလွဲ ၁ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ကြွင်းကျန်ရစ်သော ဆရာတော်၏ ဥတုဇရုပ်ကလာပ်ကို ၁၃၆၆ခုနှစ် ကဆုန်လပြည့်ကျော် ၂ ရက် (၅-၅-၂၀၀၆ရက်) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင် ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (မင်္ဂလာသိပ္ပံကျောင်းမှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးပညာဝံသ (ဦးထွန်းပြေ)
(လမိုင်း၊ ကျိုက္ခမီ)
သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၂၁)ဝါ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊ အမှတ် ၁၅၀၊ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံဝင်းနေ (ဦးချိန်ကြွ-ဒေါ်စိန်မေ)တို့၏သား၊ (ဒေါ်သက်တင်အေး)၏ခင်ပွန်း၊ ဒေါက်တာရဲဝင်း(ဆေးသိပ္ပံပညာဦးစီးဌာန)-ပါမောက္ခဒေါ်ခင်မျိုးချစ်(ဆေးတက္ကသိုလ်-၂)၊ ဦးဟန်စိန် (စက်ရုံမှူး၊ ဖိုတိုလစ်သို ပုံနှိပ်စက်ရုံ)-ဒေါ်ခင်မြဝင်း၊ ဦးသိန်းထွန်းဝင်း (မြို့နယ်ဦးစီးမှူး၊ သမဝါယမဦးစီးဌာန၊ လှိုင်းဘွဲ)-ဒေါ်ခင်အုန်းမြင့်၊ ဦးနေဝင်း-ဒေါ်ငွေငွေဝင်း(ကုန်သွယ်/လယ်ယာ၊ သံဖြူဇရပ်)၊ ဒေါ်ချို့နွယ်သိမ့်(SAT°-အထက-၃၊ ဗဟန်း)တို့၏ဖခင်၊ ဒေါက်တာမင်းထင်(YGH)-ဒေါက်တာသဇင်ဝင်း(YCH)၊ ဒေါက်တာညီညီကျော်-ဒေါက်တာဖူးပွင့်ဟန်၊ ကိုရဲဝေ၊ မဆုဝါရည် [FP II, I.M(1)]၊ မသဲပြည့်အေး၊ မောင်အောင်ပြည့်ဟိန်းတို့၏အဘိုးသည် ၃-၅-၂၀၀၆ရက် နံနက် ၅း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁း၃၀ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးမြင့်ဆွေ(ခ)ဦးတင်မြင့်
မော်ကွန်းဝင်တတိယဆင့် (လက်ပံတန်း)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၇၊ ၁၂၇ လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်နေ (ဦးစိန်-ဒေါ်သိန်းရွှေ)တို့၏သားလတ်၊(ဦးအောင်ဘော်-ဒေါ်သိန်းမိုင်)တို့၏သားသမက်၊ ဒေါ်သန်းလှ၏ခင်ပွန်း၊ ဦးကျော်မြင့်-ဒေါ်ခင်သန်းနွယ်၊ ဦးအေးလွင်-ဒေါ်မြင့်မြင့်ဆွေ(ဒုမြို့နယ်ဥပဒေအရာရှိသာကေတမြို့နယ်၊ ဥပဒေရုံး)၊ ဦးအောင်မြင့်-ဒေါ်ဝါဝါဆွေတို့၏ဖခင်၊ မဏိစန္ဒီ၊ မောင်မျိုးကျော်အောင်၊ မနန္ဒီထက်၊ မနှင်းအိဖြူတို့၏အဘိုးသည် ၂-၅-၂၀၀၆ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၄-၅-၂၀၀၆ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသိန်းမင်း (ထားဝယ်)
(°B.A,HGP°)
ကုန်သွယ်ရေး(၂)၊တိုင်းသမအသင်းစု မန်နေဂျာ (ငြိမ်း)
အသက်(၆၄)နှစ်

ထားဝယ်မြို့၊ ကညုံရပ်၊ ချယ်ရီလမ်း၊အိမ်အမှတ် ၃၂၁၊လောင်လုံမြို့နယ်နေ (ဦးသင်းလှိုင်-ဒေါ်ဖွားကြင်)တို့၏သား၊ ဦးခင်မောင်သန်း-ဒေါ်မေကြီးတို့၏သားသမက်၊ ဒေါ်အေးအေးသန်း၏ခင်ပွန်း၊ လောင်လုံမြို့နေ ဦးအောင်သစ်-(ဒေါ်သိန်းပို)၊ ဦးသိန်းအောင်-ဒေါ်ခင်အေး၊ ဦးဉာဏ်ရှိန်-ဒေါ်စန်းတို့၏ညီ/မောင်၊ ဒေါ်ဝင်းမင်းသန်း၊ ဦးအောင်မင်းဦး-ဒေါ်ခင်သီတာထွန်း၊ ဒေါ်နွယ်နီသန်း၊ဦးမင်းဇော်ဦးတို့၏ဖခင်၊မအိန္ဒြာဦး၊ မောင်ရဲသူထက်တို့၏အဘိုးသည် ၁-၅-၂၀၀၆ ရက် ည ၁၀း၃၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃-၅-၂၀၀၆ ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမောင်နှမများနှင့်မိသားစု။

ကိုမောင်မောင်မြင့်(ခ)
ဇော်ကြီး (ဆိပ်ဖြူ)
အသက်(၃၇)နှစ်

ဦးကံကြီး(အာရှနေဘဏ်၊ ၇ လမ်း)-ဒေါ်တင်မြင့်တို့၏သားကြီး၊ မတင်ဌေးမာ(ဘဏ်ခွဲ-၂)၊ မသီတာမြင့် (ဗဟိုဘဏ်)၊ မစန္ဒာမြင့် (မြဝတီဘဏ်)၊ ကိုအောင်ခိုင်မြင့် (ဗဟိုဘဏ်)တို့၏ အစ်ကိုသည် ၃-၅-၂၀၀၆ရက် ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၅-၂၀၀၆ရက် ညနေ ၃း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၄၅၊ ဘဏ်ရိပ်သာ၊ ကုက္ကိုင်းနေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသိန်းမြင့် (ပဲခူး)
ဦးစီးအရာရှိ(ငြိမ်း)ထွေ/အုပ်
အသက်(၆၅)နှစ်

ပဲခူးမြို့၊ လိပ်ပြာကန် ၁ လမ်းနေ (ဦးမောင်ခင်-ဒေါ်မြစိန်)တို့၏ သား၊ ဘားအံမြို့၊ ဇီးတောရပ်၊ သုခလမ်းနေ ဦးထူးစိန်-ဒေါ်မွေးရင်တို့၏သားသမက်၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာ စံပြ ၁၈ လမ်း အိမ်အမှတ် ၅၁၀ နေ ဒေါ်ကြည်ကြည်အေး၏ခင်ပွန်း၊ဗိုလ်မှူးမောင်မောင်ကျော်(သဆတ) - ဒေါ်အေးမြင့်မော်၊ ဦးကျော်သီဟ (Asst. Manager, Pholapyae Co., Ltd.)-ဒေါ်အေးသန္တာဦး၊ ကိုမိုးကျော်ခိုင် (Supervisor Shwe Thazin Super Soap Co., Ltd.)၊ ကိုဝင်းမော်ဦး (Supervisor Pioneer Distribution Co., Ltd.)၊ မောင်မောင်မိုးဟိန်းထွန်း (ဟိန်း မိတ္တူ၊ ကွန်ပျူတာနှင့် ဖိတ်စာလုပ်ငန်း)-မညိမ်းညိမ်းထွေး [Final Year B.E(EP)]တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၃-၅-၂၀၀၆ ရက်(တနင်္လာနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၀၆ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (ရွှေနံ့သာနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသိန်းမင်း (B.A,HGP)
ကုန်သွယ်ရေး(၂)၊တိုင်းသမအသင်းစု မန်နေဂျာ(ငြိမ်း)(ထားဝယ်)
အသက်(၆၄)နှစ်

ထားဝယ်မြို့၊ ကညုံရပ်၊ ချယ်ရီလမ်း၊ အိမ်အမှတ် ၃၂၁နှင့် တိုက်(ဘီ)၄၊ အခန်း ၃၀၁၊ မေတ္တာရိပ်မွန်အိမ်ရာ၊ ဓမ္မဒါလမ်း၊တာမွေမြို့နယ်၊နတ်ချောင်း၊ ရန်ကုန်မြို့နေ (ဦးသင်းလှိုင်-ဒေါ်ဖွားကြင်)တို့၏သား၊ ဦးခင်မောင်သန်း-ဒေါ်မေကြီးတို့၏သားသမက်၊ ဒေါ်အေးအေးသန်း၏ခင်ပွန်း၊ (ဦးစိုးမြင့်)-ဒေါ်မြမြသန်း၊ ဦးသန်းလွင်-ဒေါ်အက်စ်ထုနန်၊ ဦးစိန်သန်း-ဒေါ်ခင်ခင်သန်း၊ ဦးဌေးလွင်-ဒေါ်ယဉ်ယဉ်အေး၊ ဦးဝင်းနိုင်(ညွှန်ချုပ်-ပြည်တွင်းအခွန်)-ဒေါ်ရီရီသန်းတို့၏အစ်ကို၊ ဒေါ်ဝင်းမင်းသန်း၊ ဦးအောင်မင်းဦး(လဝက-ထားဝယ်)-ဒေါ်ခင်သီတာထွန်း(ပြည်တွင်းအခွန်၊ ထားဝယ်)၊ ဒေါ်နွယ်နီသန်း(ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်)၊ ဦးမင်းဇော်ဦး (AE၊ ရေသန့်ဌာန၊ မြို့တော်စည်ပင်)တို့၏ဖခင်၊ မအိန္ဒြာဦး၊ မောင်ရဲသူထက်တို့၏အဘိုးသည် ၁-၅-၂၀၀၆ရက် ည ၁၀း၃၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၃-၅-၂၀၀၆ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

၇-၅-၂၀၀၆ရက် နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေး တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

လှည့်ပတ်ပူဇော်

မေ ၃ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး **သန်းရွှေ သဗ္ဗညုပုထိုးတော်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်ကို** ပင့်ဆောင်လျက် သဗ္ဗညုပုထိုးတော်ကြီးအား လက်ယာရစ် တစ်ပတ် လှည့်ပတ်ပူဇော်စဉ်။ (သတင်း-ရှေ့ဖုံး)(သတင်းစဉ်)

နံ့သာရည်ပက်ဖျန်း

မေ ၃ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ သဗ္ဗညုပုထိုးတော်ကြီးတွင် တင်လှူပူဇော်မည့် ရွှေထီးတော် ဘုံအဆင့်ဆင့်၊ ဆပ်သွားဖူးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် **တို့ကို နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်စဉ်။**

(သတင်း-ရှေ့ဖုံး)(သတင်းစဉ်)

(၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဆောင်းပါး

မီးဘေးအန္တရာယ်အမျိုးသားရေးအမြင်ဖြင့်ကာကွယ်

သတင်းဆောင်းပါး-မောင်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် မေ ၃

မေ ၂ရက်ထုတ် မြန်မာ့အလင်း သတင်းစာတွင် **မတ်လအတွင်း မီးလောင်မှု ၁၅၇ ကြိမ်ဖြစ်ပွား**ဆိုသောသတင်းတိုလေးကို စိတ်ဝင်စား၍ ဖတ်ကြည့်မိသည်။

၂၀၀၄ခုနှစ် မတ်လအတွင်း နိုင်ငံတော်တစ်ဝန်းလုံးတွင် မီးလောင်မှု ၁၅၇ကြိမ် ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုငွေကျပ် ၉၄ ဒသမ ၇၂သန်းဖိုးခန့် ဆုံးရှုံးကြောင်း မီးသတ်ဦးစီးဌာနက ထုတ်ပြန်သော သတင်းဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ❐

မီးသတ်ရဲဘော် တစ်ဦး မီးငြိမ်းသတ်ရန်အတွက် ပေ ၁၂၀ အမြင့်မှ ကြိုးဖြင့် အဆင်း အတက်လေ့ကျင့်ခန်းဆောင်ရွက်နေစဉ်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

ယနေ့ထုတ်စောင်ရေ ၂၀၀၂၆၁

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး